ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လကွယ်၊ တနင်္လာနေ့၊ (13-9-2004) (၄၃၅၅)

တပေါ် ၈
တော် မင်္ဂလ မုတ္တမ်။

မြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ခင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၁၃-၉-၂၀၀၄
(တနင်္လာနေ့)

ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင် လှပရှုချင်စဖွယ်ဖြစ်ရေး အလေးထားထိန်းသိမ်း

ရန်ကုန်မြို့တော်သည် စီးပွားကုန်သွယ်မှုလုပ်ငန်းများ၏ ဗဟိုအချက်အချာဒေသဖြစ်ပြီး လူဦးရေ ထူထပ်စွာနေထိုင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က ရန်ကုန်မြို့တော်ကို နိုင်ငံတကာ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်ရေး၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ အပါအဝင် ပတ်ဝန်းကျင်ကောင်းများဖန်တီးနိုင်ရေးအတွက် မြို့ပြအိမ်ရာစီမံကိန်းများနှင့်အညီ တိုက်တာအိမ်ရာများစွာကို တည်ဆောက်လျက်ရှိသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်မှုကော်မတီအနေဖြင့် မြို့တော်အတွင်းရှိအဓိကလမ်းမကြီးများ၊ အချက်အချာကျသည့်လမ်းမကြီးများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ညီညာကျယ်ပြန့်သည့်လမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်လှပရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ အဝိုင်းကြီးများ၊ လမ်းလယ်ကျွန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်ဒေသကို မြို့တော်နေပြည်သူများ အပန်းဖြေနားနေရာ အဆင့်မြင့်ဥယျာဉ်ကြီးအဖြစ် ပေါ်ထွန်းလာရေး မွမ်းမံတည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၄ ရက်နေ့က ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကန်တော်ကြီးသဘာဝဥယျာဉ်ပြုပြင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ **ကန်တော်ကြီးရေပြင်သန့်ရှင်းရေး၊ ကန်တော်ကြီးအတွင်း ရေဝင်မှုတိုးမြှင့်သိုလှောင်နိုင်ရေး၊ တန်ဖိုးကြီးမားလှသည့် ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက အလေးထားပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း** မှာကြားသွားသည်။

ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်ကို မပျက်မယွင်းစေဘဲ သဘာဝသစ်ပင်သစ်တောများ၊ ရာသီအလိုက် ဖူးပွင့်ကြသည့် ပန်းမန်များဖြင့် လှပရှုချင်စဖွယ်ဖြစ်ရေး သစ်ပင်ပန်းမန်များဖြည့်စွက်စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ရေချိုး၊ ရေငန် အလှမွေးငါးများ မွေးမြူပြသနိုင်ရေး၊ သဘာဝရှားပါးသစ်ပင်နှင့် သစ်ပင်ပန်းမန်များ ထပ်မံစိုက်ပျိုးရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်မြှင့်တင်ရေး၊ စိုက်ပျိုးရေးပြတိုက်အတွင်း စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြခန်း၊ ပြကွက်များခင်းကျင်းပြသရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကန်တော်ကြီး သဘာဝဥယျာဉ်ကြီးကို ပြည်သူများ၊ ခရီးသွားဧည့်သည်များ၊ လေ့လာသူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေအနားယူရုံသာမက ဗဟုသုတရှာဖွေနိုင်သည့် သဘာဝဥယျာဉ်ကြီးတစ်ခုအဖြစ် အဆင့်မြင့်မြင့် ဖွင့်လှစ်ပြသနိုင်ရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တည်ဆောက်ပြီး ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြှင့်လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်သာယာသည့် ဥယျာဉ်မြို့တော်ကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရေရှည်တည်တံ့နေရေးအတွက် စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်အင်္ဂါရပ်များနှင့်အညီ သာယာလှပတင့်တယ်စေရေး အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် ရန်ကုန်မြို့တော်၏ ဂုဏ်အင်္ဂါရပ်တစ်ခုဖြစ်သည့် ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး ပတ်ဝန်းကျင်လှပ ရှုချင်စဖွယ်ဖြစ်ရေး၊ အဆင့်မြှင့်တည်ဆောက်မှုလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

✧ **ရွှေဖုံးမှ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေါင်းဆောင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၉-၂၀၀၄)

ကျောက်တော်	–	၅ ဒသမ ၆၃ လက်မ
ကန့်ဘလူ	–	၄ ဒသမ ၂၅ လက်မ
ဟုမ္မလင်း	–	၃ ဒသမ ၁၁ လက်မ
သံတွဲ	–	၂ ဒသမ ၉၅ လက်မ
ဘားအံ	–	၂ ဒသမ ၇၆ လက်မ
မုံရွာ	–	၂ ဒသမ ၇၂ လက်မ
ညောင်ဦး	–	၂ ဒသမ ၅၆ လက်မ
သထုံ	–	၂ ဒသမ ၃၂ လက်မ
ချောက်	–	၁ ဒသမ ၉၃ လက်မ

ရှစ်ပါးသီလခံယူဆောက်တည်

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးများနှင့် ဧည့်ပရိသတ်များ ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ဓမ္မဝါဒီသီလရှင် စာသင်တိုက်မှ သီလရှင်များအား ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် ဆက်ကပ်လှူဒါန်း

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဓမ္မဝါဒီ သီလရှင် စာသင်တိုက်သို့ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ သီလရှင်ဝတ်စုံများနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ တိုင်းရင်းဆေးနှင့် သီလရှင်ဝတ်စုံတို့ကို ဓမ္မဝါဒီ သီလရှင်စာသင်တိုက်ဆရာကြီး ဒေါ်ဓမ္မသီဂီထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူကြသော သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ သီလရှင်ဝတ်စုံနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ သီလရှင်စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက် ပူဇော်ကြသည်ဟုသိရသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ တိလောကာ ဘိဝံသထံမှ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်သည့် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်ဆရာကြီးဒေါ်ဓမ္မသီဂီထံ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသမီးထုစည်းရုံးရေးလုပ်ငန်းကော်မတီ၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ပဲ၊ တိုင်းရင်းဆေးနှင့် သီလရှင်ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဓမ္မဝါဒီသီလရှင် စာသင်တိုက်အတွက် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အလှူငွေကျပ်နှစ်သိန်း၊ သမားတော်ကြီး ဦးဘိုကြီး-ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)က အလှူငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးမင်းစိုးက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ပဲ၊ဆေးနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက အနုမောဒနာတရားများ ဟောကြားတော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်သို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၂၀အိတ်၊ ဆီ ၂၅ပိဿာ၊ ဆား ၂၆ပိဿာ၊ ပဲတစ်အိတ်၊ တိုင်းရင်းဆေးမျိုးစုံ ၂၁၂ ဘူး၊ သီလရှင်ဝတ်စုံ ၄၈စုံနှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၃၂၀၀၀၀ဖြစ်သည်။ (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာလတွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများ စစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို စက်တင်ဘာ၃၀ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ ရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဂျီတီစီစနစ်သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်၁ရက်မှ စက်တင်ဘာ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား မြိုးမြိုးခြွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီ ခြွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

(၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၁၂

(၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ မန္တလေးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည် ဖြစ်သည်။

တက်ရောက်

အဆိုပါညီလာခံအတွက် (၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအားစက်တင်ဘာ ၁၈ ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင်အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ(အပေါ်ဆုံးထပ်)၌တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် ဂျပန်နိုင်ငံ (၆)ကြိမ်မြောက် Children's Art in 2003 **ပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား၊ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကောသီစိုးသိမ်းက မောင်ဝေယံဦးအား ဆုချီးမြှင့်စဉ်။** (က-ပ)

အီရတ် အကျဉ်းထောင်တွင် စာရင်းမသွင်းသည့် အကျဉ်းသား ရာနှင့်ချီရှိနေ

ဝါရှင်တန် စက်တင်ဘာ ၁၁

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များသည် စာရင်းမသွင်းဘဲ လူအများအပြားကို အကျဉ်းသားများအဖြစ် ထိန်းသိမ်းထားသည်ကို စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်တွေ့ရှိရသည်။ မူလက စာရင်းမပေါက်ဘဲ အချုပ်ကျနေသော အကျဉ်းသား အနည်းအကျဉ်းသာရှိလိမ့်မည်ဟု ခန့်မှန်းထားခဲ့သည်။ သို့ရာတွင် စစ်ဆေးကြည့်သောအခါ စာရင်းမသွင်းသော တရားမဝင်အကျဉ်းသားဦးရေမှာ ၁၀၀ မက ရှိသည်ကို တွေ့ရှိလာရသည် ဟုဆိုသည်။

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားများကို နှိပ်စက်ကလူမဖွယ်မရာပြုလုပ်မှုကို ဗိုလ်ချုပ်ကြီး ပေါလ်ကန်က စစ်ဆေးရာမှ အထက်ပါအချက်အလက်များကို သိရှိလာရခြင်းဖြစ်သည်။ အကျဉ်းထောင်အတွင်း လူများကို ဖမ်းဆီးခေါ်ဆောင်လာပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ခြေရာမခံမိအောင် နေရာပြန်လည် ရွှေ့ပြောင်းထားသည်။ စာရင်းဖျောက်ထားခြင်းခံရသော အကျဉ်းသားများ၏ အမှုတွဲများလည်းတွေ့ရှိရကြောင်း ပေါလ်ကန်က အထက်လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီရှေ့မှောက်တွင် ၎င်း၏ တွေ့ရှိချက်များကို ထွက်ဆိုခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းမှာ ကျွန်ုပ်တို့ ချမှတ်ထားသောမူဝါဒကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ မူအရဆိုလျှင် ထိန်းသိမ်းထားသူများကို မှတ်မှတ်သားသား သိသိသာသာဖြစ်အောင် စာရင်းတင်ရမည်သာဖြစ်သည်ဟု ပေါလ်ကန်က ဆိုသည်။

ဖွဲ့စည်းတာဝန်ပေး

အကျဉ်းသားများကိစ္စကိုစုံစမ်းရန် အမေရိကန်ပင်တဂွန် စစ်ဌာနချုပ်သည် အဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ တစ်ဖွဲ့မှာ ကာကွယ်ရေးဌာနမှ စစ်ဆေးရေးမှူးချုပ် ခေါင်းဆောင်သောအဖွဲ့ဖြစ်ပြီး အခြားတစ်ဖွဲ့မှာ စီအိုင်အေ ထောက်လှမ်းရေးမှ စစ်ဆေးရေးမှူးချုပ် ခေါင်းဆောင်သောအဖွဲ့ဖြစ်၏။ သီတင်းပတ်အတန်ကြာသောအချိန်အထိ အကျဉ်းထောင်ကိစ္စ စုံစမ်းသူများသည် အကျဉ်းထောင်ဆိုင်ရာများက ဂျီနီဗာသဘောတူညီချက်ကို ချိုးဖောက်ပြီး စာရင်းမသွင်းဘဲထားသော အကျဉ်းသားရှစ်ဦးကိုသာ တွေ့ရှိခဲ့ကြသည်။ အကျဉ်းထောင်အတွင်းတွင် စာရင်းရေးသွင်း မှတ်သားထားခြင်းမရှိဘဲ ထိန်းသိမ်းထားသော အကျဉ်းသား ၁၀၀ မက ရှိနိုင်ကြောင်း ယုံကြည်သည်ဟု ဗိုလ်ချုပ်ကြီး ပေါလ်ကန်က ဆိုသည်။ အခြားစုံစမ်းစစ်ဆေးသူတစ်ဦးဖြစ်သော ဗိုလ်ချုပ်ကျော့ဖေး၏ အယူအဆမှာမူ စာရင်းမဝင်သော အကျဉ်းသားဦးရေမှာ ပထမလူ၏ ခန့်မှန်းချက်ထက် နည်းပါးလိမ့်မည်ဟု ယူဆထားသည်။

အခွင့်အလမ်းဖြစ်စေ

လူမဆန်သောလုပ်ရပ် စောင့်ကြည့်ရေးအဖွဲ့က ဖုံးကွယ်အကျဉ်းသားများ ထိန်းသိမ်းထားသောလုပ်ရပ်ကို ရှုတ်ချကန့်ကွက်ခဲ့ကြသည်။ ဖုံးကွယ်အကျဉ်းသားများကို လျှို့ဝှက်စွာဖမ်းဆီးထားခြင်းသည် နှိပ်စက်ညှဉ်းပန်းမှုပြုရန် အခွင့်အလမ်းဖြစ်ပေါ်စေသော တံခါးပေါက်ပင်ဖြစ်တော့သည်ဟု ရိဒ်ဘရိုဒီက မှတ်ချက်ပြုသည်။ ၎င်းမှာ နယူးယောက်မြို့အခြေစိုက် ဥပဒေအတိုင်ပင်ခံအဖွဲ့မှ ဖြစ်သည်။ အကျဉ်းသားများကို စာရင်းမပေါ်ဘဲ ထိန်းသိမ်းထားရှိခြင်းကြောင့် မဖွယ်မရာပြုမှု၊ နှိပ်စက်ကလူ ညှဉ်းပန်းမှုမျိုးစုံအပြင် အပျောက်ရှင်းသည့်အဖြစ်များပင် ပေါ်ပေါက်နိုင်ကြောင်း သမိုင်းသင်ခန်းစာများတွင် တွေ့ရှိရပြီးဖြစ်သည်ဟု ဘရိုဒီက ဆက်လက်ပြောကြားသည်။

နာမည်ဆိုးဖြင့် ကျော်ကြား

အီရတ်နှင့်အာဖဂန်တို့တွင် အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းသည်ဆိုသော စွပ်စွဲခံရသည့်အမှုပေါင်း ၃၀၀ ကျော်ရှိသည်။ ယင်းအနက် အဘူဂါရိပ်အကျဉ်းထောင်မှ အမှုပေါင်း ၆၆ ခုမှာ အထောက်အထား ပြည့်စုံသောအမှုများဖြစ်သည်ဟု အထက်လွှတ်တော်ကော်မတီမှ ရီပတ်ဘလီကန်ပါတီ ကိုယ်စားလှယ် ဂျွန်ဝါနာက ပြောကြားသည်။ အကျဉ်းသားများကို အီရတ်အကျဉ်းထောင် အဘူဂါရိပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မတော်တရော် နှိပ်စက်ကလူပြုလုပ်နေသော ဓာတ်ပုံများထွက်ပေါ်လာပြီးနောက် ကမ္ဘာတစ်ဝန်းတွင် နာမည်ဆိုးဖြင့် ကျော်ကြားလာခြင်းဖြစ်သည်။

နှိပ်စက်နေသောဓာတ်ပုံများတွင် အကျဉ်းသားများကို ခွေးလည်ပတ်ကြိုးဖြင့်ချီကာ ဆွဲသွားသောပုံများ၊ အဝတ်မပါ ဗလာကိုယ်ဖြင့် တစ်ယောက်အပေါ်တစ်ယောက် ထပ်နေစေသောပုံများ၊ ဦးခေါင်းကို အစွပ်စွပ်ထားစေပြီး ဝါယာကြိုးဖြင့်ကိုင်ကာ ဓာတ်လိုက်ခံရမည်ဟု ခြိမ်းခြောက်ခံနေရသောပုံများ စသည်တို့ပါဝင်သည်။ အကျဉ်းထောင်ရှိ တာဝန်ရှိသူတစ်ဦးချင်း၏ စာရိတ္တပိုင်းဆိုင်ရာအရ မတော်တလျော်သော အကျင့်ရှိမှု၊ ခေါင်းဆောင်ပိုင်း တာဝန်ယူမှု ပျက်ကွက်မှုနှင့် စည်းကမ်းကြပ်မတ်ရန် ချွတ်ယွင်းမှုများကြောင့် ယခုကဲ့သို့ အကျဉ်းထောင်အတွင်း မဖွယ်မရာမှုများ ပေါ်ပေါက်ရသည်ဟု ပေါလ်ကန်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ တီကရစ်မြို့သို့ သွားသည့် အဝေးပြေးလမ်းမတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)

ဘုရှ်၏စီးပွားရေးမူဝါဒသည် အမေရိကန်၏လုပ်ငန်းများဆုံးရှုံးစေခဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၁၁

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ စီးပွားရေးမူဝါဒသည် အမေရိကန်ပြည်ထောင်စုတွင် လုပ်ငန်းဆုံးရှုံးမှုများ ပေါ်ပေါက်စေခဲ့ကြောင်း စသည်ဖြင့် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီက သမ္မတဘုရှ်အား အရှိန်အဟုန်မြင့် ဝေဖန်တိုက်ခိုက်လိုက်သည်။

ဘုရှ်၏မှောက်မှားသော ရွေးချယ်မှုများကြောင့် အမေရိကန်ပြည်ထောင်စုမှ လုပ်ခကောင်းပြီး အကျိုးဖြစ်ထွန်းမှုရှိစေသည့် ကောင်းမွန်သည့်လုပ်ငန်းအများအပြား ပြည်ပသို့ ဆက်လက်ရွှေ့ပြောင်းနေကြပြီ ဖြစ်ကြောင်း ဂျွန်ကယ်ရီက မြောက်ကာရိုလိုင်းနားပြည်နယ် ဂရင်းစဘိုရို လူထုစည်းဝေးပွဲတွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု တစ်ဝန်းမှ ကုမ္ပဏီများကို ပိတ်ထားကြကြောင်း၊ လုပ်ငန်းကြိုးစားသူများ အလုပ်လက်မဲ့ ဖြစ်စေကာ ပြည်သူအများစုမှာ အကူအညီပေးမည့်သူမရှိ၊ မျှော်လင့်ချက်မရှိ ဖြစ်စေခဲ့ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

ဂျွန်ကယ်ရီက ဘုရှ်၏အကောက်ခွန်မူဝါဒအား ဝေဖန်ပြီး ယင်းမူဝါဒကြောင့် အမေရိကန်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများပြည်ပသို့ ရွှေ့ပြောင်းစေခဲ့ရကြောင်း၊ ယင်းကြောင့် အခွန်ယိုပေါက်အား ပိတ်ပစ်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်လုပ်ငန်း ဈေးကွက်မှာ ယခုနှစ်တွင် တိုးတက်မှုရှိနေလင့်ကစား ဂျော့ဂျ်၊ ဘုရှ်သမ္မတ ဖြစ်လာခဲ့သည့် ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် လုပ်ငန်းတစ်သန်းခန့် နစ်နာဆုံးရှုံးခဲ့ရသည်။ ပိုင်းခြားဝေဖန်သူများက အမေရိကန်လုပ်ငန်းဈေးကွက်သည် သမ္မတဘုရှ်အတွက် အားနည်းသည့် ဟာကွက်ဖြစ်နေသည်ဟု ထင်မြင်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် အင်အားပြနေသည့် ရှီးယိုက် တိုက်ခိုက်ရေးသမားများကို စက်တင်ဘာ ၉ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံအင်တာနက်)*

အမေရိကန်၏ အပေါင်းပါစာရင်းမှ ဖယ်ရှားပေးရန် ကော့စတာရီကာတောင်းဆို

ဆန်ဟိုဆေး စက်တင်ဘာ ၁၁

အီရတ်နိုင်ငံမှ အမေရိကန်၏ အပေါင်းပါနိုင်ငံများစာရင်းတွင် ကော့စတာရီကာနိုင်ငံအား ထည့်သွင်းထားမှုသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို လိုလားသည့်မူဝါဒများကို ဆန့်ကျင်နေကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ခဲ့ပြီးနောက်တွင် အဆိုပါ အပေါင်းပါနိုင်ငံများစာရင်းမှ ဖယ်ရှားပေးရန် ကော့စတာရီကာနိုင်ငံက ကြာသပတေးနေ့တွင် အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းလိုက်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဆန်ဟိုဆေးမြို့ရှိ အမေရိကန်သံရုံးသို့ သံတမန်ရေးလမ်းကြောင်းအရ အသိပေးထားကြောင်း ကော့စတာရီကာနိုင်ငံခြားရေးဝန်ကြီး ရောဘတ်တိုဗာက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကော့စတာရီကာနိုင်ငံအား အဆိုပါစာရင်းမှ ဖယ်ရှားရန် တရားရုံးက အမိန့်ပေးခဲ့ရာ ယင်းကဲ့သို့ သံတမန်ရေးအရ အသိပေးအကြောင်းကြားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အိမ်ဖြူ၏ ဝက်ဘ်ဆိုက်ပေါ်တွင် အဆိုပါစာရင်း၌ ကော့စတာရီကာ၏ အမည်စာရင်း ကြာသပတေးနေ့မွန်းလွဲပိုင်းအထိ ပါရှိနေသော်လည်း ကော့စတာရီကာနိုင်ငံအား စာရင်းမှ ဖယ်ရှားပေးရန် အမေရိကန်က ဆန္ဒရှိမည်ဖြစ်ကြောင်း အိမ်ဖြူ ပြောရေးဆိုခွင့်ရှိသူ စကောက်မက္ကလင်လန်က ပြောကြားသည်။

အပေါင်းပါနိုင်ငံများစာရင်း၌ ပါဝင်မှုနှင့်ပတ်သက်၍ နိုင်ငံတိုင်းက ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချမှတ်ပိုင်ခွင့်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဗုဒ္ဓဟူးနေ့ နောင်းပိုင်းက ကြေညာခဲ့သည့် တရားရုံး၏ဆုံးဖြတ်ချက်ကို အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲကို အများစုက လက်မခံဘဲ ပယ်ချထားသည့် စကော့တာရီကာနိုင်ငံက ကြိုဆိုခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် အရေးပါသည်ဟု မိမိထင်မြင်ကြောင်း၊ ယင်းစာရင်း၌ ကော့စတာရီကာပါဝင်နေခြင်းကို မိမိ ဆန့်ကျင်ကြောင်း၊ အကြောင်းမှာ ကော့စတာရီကာသည် စစ်ပွဲကို မထောက်ခံသောကြောင့်ဖြစ်ကြောင်း ကော့စတာရီကာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းရေးကို ထောက်ခံကြောင်း အသက် ၂၃ နှစ်အရွယ် ကော့စတာရီကာနိုင်ငံသား ရိုဘာရီယိုကာမာချို က ပြောကြားသည်။ ***အင်တာနက်။***



အီရတ်တွင်သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၁၀၀၈ ဦးရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၁

၂၀၀၃ ခုနှစ်မတ်လမှစတင်၍စစ်ရေးအရ စတင်ဆင်နွှဲခဲ့ချိန်မှ ယခုနှစ် စက်တင်ဘာ ၁၀ ရက်အထိ အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၈ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၇၆၂ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။အဆိုပါစာရင်းတွင် သေဆုံးခဲ့သည့် စစ်ဘက်ဆိုင်ရာ အရပ်သားဝန်ထမ်းသုံးဦးလည်း ပါဝင်သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန် သမ္မတဘုရှ်က ကြေညာသည့် ၂၀၀၃ ခုနှစ်မေ ၁ ရက် နောက်ပိုင်း အီရတ်၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ၈၆၇ ဦး ရှိသည်။ ယင်းအနက် ၆၅၀ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရပြီး ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအဆင့်သို့ တက်လှမ်းလာ

ပေကျင်း စက်တင်ဘာ ၁၁

မျက်မှောက်ကာလ ကမ္ဘာ့စီးပွားရေး မြေပုံပေါ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာသည်ကို တွေ့မြင်နေရကြောင်း ရူဘင်ရီကူပီရိုက ပြောကြားသည်။ ၎င်းသည် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အန့်တက်)၏ အထွေထွေအတွင်းရေးမှူး ဖြစ်သည်။

တရုတ်နိုင်ငံတွင် စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးဆက်စပ်မှု ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အထောက်အပံ့ပြုမှုအပေါ် မှီခိုနေသည်။ သို့ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ထိုအချက်ကို ပြောင်းလဲလိုက်ပြီဖြစ်သည်။ တရုတ်နိုင်ငံ စီးပွားရေး လျင်မြန်စွာတိုးတက်လာခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ အားလုံးအတွက်ပါ ဈေးကွက်ကြီး ဖန်တီးပေးသကဲ့သို့ ဖြစ်ပေါ်လာနေကြောင်း ရီကူပီရိုက အစည်းအဝေးတွင် ပြောကြားသည်။

၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ် ပထမနှစ်ဝက် ကာလများတွင် တရုတ်နိုင်ငံ၏ သွင်းကုန်သည် ပို့ကုန်ထက် ပိုမိုများပြားခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လိုအပ်သော ထုတ်ကုန်များကို ပြန်လည်ထုတ်လုပ်လျက်ရှိကြောင်း တွေ့ရသည်ဟု ရီကူပီရိုက ဆိုသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှု အားကောင်းနေသည်။ ထိုအခြေအနေ၏ အကျိုးဆက်ကြောင့် ကမ္ဘာ့ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး လုပ်ငန်းကို အထောက်အကူပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကိုပါ တွန်းတင်သကဲ့သို့ ဖြစ်လာနိုင်သည်ဟု မိမိယုံကြည်ကြောင်း အန့်တက် အထွေထွေ အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

တရုတ်ပြည်တွင်းနှင့် နိုင်ငံရပ်ခြားမှ ပညာရှင်များကလည်း အန့်တက် အထွေထွေ အတွင်းရေးမှူး၏ အမြင်နှင့် တစ်သဘောတည်းရှိသည်ကို တွေ့ကြရသည်။

ကွေကွမ်သည် ဩစတြေးလျ လူမှုရေးသိပ္ပံအကယ်ဒမီမှ ပညာရှင်ဖြစ်သည်။ ၎င်းက တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာ့စီးပွားရေးကို အကျိုးသက်ရောက်စေသည်။ တရုတ်သည် လူဦးရေများပြားပြီး ကြီးမားကျယ်ပြန့်သည့် ဈေးကွက်ကြီး ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်ဟုဆိုသည်။ တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုဇီလိုင်ကလည်း စာရင်းဇယားများဖြင့် တရုတ်ပြည်၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်း တင်ပြခဲ့သည်။

လွန်ခဲ့သော ၂၅ နှစ်အတွင်းက တရုတ်နိုင်ငံ၏သွင်းကုန်တိုးတက်နှုန်းသည် နှစ်စဉ်ပျမ်းမျှ ၁၅ ရာခိုင်နှုန်းရှိခဲ့သည်။ ထိုသွင်းကုန်ပမာဏသည် ငွေကြေးအားဖြင့် ဆိုလျှင် စုစုပေါင်း အမေရိကန်ဒေါ်လာ ကုဋေပေါင်း သုံးသိန်းအထိ ရောက်ရှိသွားသည်။ သွင်းကုန် အခြေအနေကို ကြည့်မည်ဆိုလျှင် ၂၀၀၃ခုနှစ်က တရုတ်နိုင်ငံ၏ သွင်းကုန်တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၂၈၀၀ အထိ မြင့်တက်လာသည်။ ထိုသွင်းကုန်တန်ဖိုးသည် ကမ္ဘာပေါ်တွင် အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့ပြီးလျှင် တရုတ်နိုင်ငံသည် တတိယ သွင်းကုန် အများဆုံးအဆင့်သို့ ရောက်လာသည်ကို ဖော်ပြနေသည်။

လွန်ခဲ့သော ၂၅ နှစ်က အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ အကူအညီများသာ မရခဲ့လျှင် တရုတ်နိုင်ငံသည် ယခုကဲ့သို့ တိုးတက်လာနိုင်မည် မဟုတ်ကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏ စီးပွားတိုးတက်မှုသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးကိုလည်း တစ်ပါတည်း မြှင့်တင်ပေးမည့် အခွင့်အလမ်းများ ဖြစ်ပေါ်စေကြောင်း ဝန်ကြီး ဘိုဇီလိုင်က ပြောကြားသည်။

ထို့ပြင် အမေရိကန်နှင့် ကုလသမဂ္ဂ အန့်တက်အဖွဲ့တို့၏ စာရင်းအင်းများကို ကိုးကားပြီး တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင်ရင်းနှီးမြှုပ်နှံမှုများကို အများဆုံး ဆွဲဆောင်နိုင်သောဒေသတစ်ခု ဖြစ်လာကြောင်းကိုပါ တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ထုတ်ဖော်ရှင်းလင်းသည်။

ကမ္ဘာပေါ်တွင် ထိပ်တန်းနိုင်ငံစုံ ကော်ပိုရေးရှင်းကြီးပေါင်း ၅၀၀ ရှိသည့်အနက် လုပ်ငန်းပေါင်း ၄၀၀ ကျော်သည် တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည်။ အလားတူပင် ကမ္ဘာ့ထိပ်တန်း သတင်းနည်းပညာ (အိုင်တီ)ကုမ္ပဏီပေါင်း ၁၀၀ ရှိသည့်အနက် ကုမ္ပဏီပေါင်း ၉၀ တို့မှာ တရုတ်ပြည်တွင် လုပ်ငန်းဖွင့်လှစ်ကာ ရင်းနှီးလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိနိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါကာ–စစ်တကောင်း နှစ်လမ်းသွား အဝေးပြေးလမ်း ဖောက်လုပ်မှု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ဝင်ငွေရရှိရေး ဆွဲဆောင်စေနိုင်

ဒါကာ စက်တင်ဘာ ၁၀

သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင် အစွမ်းကုန်ဆောင်ရွက်နေသည့် ဒါကာ–စစ်တကောင်း အဝေးပြေးနှစ်လမ်းသွား လမ်းမကြီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖောက်လုပ်နေမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးနှင့် ပို့ကုန်ဝင်ငွေ တိုးမြင့်ရရှိရေးတို့ကို ဆွဲဆောင်စေနိုင်မည်ဖြစ်သည်။

အဆိုပါ လမ်းမကြီးက မြို့တော် ဒါကာနှင့် စစ်တကောင်း ဆိပ်ကမ်းမြို့တို့အကြားသာမကဘဲ အဆိုပြု တင်ပြထားသည့် အာရှအဝေးပြေး လမ်းမကြီးနှင့်ပါ သယ်ယူပို့ဆောင်ရေး လျင်မြန်လွယ်ကူချောမွေ့စေမည် ဖြစ်ကြောင်း သည်နယူးနေးရှင်း သတင်းစာက ကြာသပတေးနေ့တွင်ဖော်ပြထားသည်။

ဖြည့်ဆည်းပေး

ယင်းအဝေးပြေးလမ်းမကြီး ဖောက်လုပ်မှုလုပ်ငန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က ငွေကြေးဖြည့်ဆည်းပေးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ကားလမ်းနှင့် အဝေးပြေးလမ်း ဖောက်လုပ်ရေးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အစိတ်အပိုင်းနှစ်ရပ်

အဆိုပါလမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းတွင် အစိတ်အပိုင်းနှစ်ရပ် ပါဝင်သည်။ ယင်းတို့မှာ အဝေးပြေး လမ်းမကြီး ဖွံ့ဖြိုးတိုးတက်ရေး အစိတ်အပိုင်း(စီအိုင်စီ)နှင့် လမ်းပြုပြင်ထိန်းသိမ်းရေး အစိတ်အပိုင်း (အာရ်အမ်စီ)တို့ ဖြစ်သည်။

စီအိုင်စီအရ ၁၁၃ ကီလိုမီတာ ရှည်လျားသည့် နှစ်လမ်းသွား အဝေးပြေးလမ်းမကြီးကိုဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ ကာတာ ၃ ဒသမ ၆၅၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၆၁ သန်း) အကုန်အကျခံ ဖောက်လုပ်မည် ဖြစ်သည်။

အာရ်အမ်စီအရ ၁၁၁ ကီလိုမီတာ ရှည်သည့် လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကို ဒေါ်လာ ၃၂ သန်း အကုန်အကျခံ လုပ်ကိုင်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လူဦးရေနှင့် ဖွံ့ဖြိုးရေးအစီရင်ခံစာ တရုတ်တင်သွင်း

ဝူဟန် စက်တင်ဘာ ၁၀

တရုတ်လူဦးရေနှင့် နိုင်ငံဖွံ့ဖြိုးမှု အစီရင်ခံစာကို တရုတ်နိုင်ငံ ဟူဘေပြည်နယ် မြို့တော်ဝူဟန်တွင် ကျင်းပသည့် နိုင်ငံတကာလူဦးရေနှင့် ဖွံ့ဖြိုးမှုဖိုရမ် အစည်းအဝေးတွင် အင်္ဂါနေ့က တင်သွင်းလိုက်သည်။

ယင်းအစီရင်ခံစာတွင် ကဏ္ဍကိုးခုပါရှိပြီး လူဦးရေနှင့် ဖွံ့ဖြိုးမှုမဟာဗျူဟာ၊ ကျန်းမာရေးနှင့် မိသားစုစီမံကိန်း၊ ဆင်းရဲမွဲတေမှု လျှော့ပါးရေးနှင့် ဖွံ့ဖြိုးမှု၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်(အိဒ်စ်)ရောဂါ ကာကွယ်ရေး၊ ကုသမှုနှင့် စောင့်ရှောက်မှု၊ ဆယ်ကျော်သက် လိင်မှုဆိုင်ရာနှင့် မျိုးပွားရေးဆိုင်ရာ ကျန်းမာရေး၊ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်သေဆုံးနှုန်းလျှော့ပါးရေး၊ အမျိုးသမီးများ လုပ်ပိုင်ခွင့်ရရှိရေးနှင့် လိင်ပြဿနာများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တရားဝင်ဖွံ့ဖြိုးမှု အကူအညီနှင့် ကမ္ဘာတဝန်းဆိုင်ရာ မိတ်ဖက်နိုင်ငံ ဖွံ့ဖြိုးမှုစသည့် ကဏ္ဍများပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံမှ တရုတ်–ဂျပန် ဖက်စပ်စက်ရုံတွင် ဒစ်ဂျစ်တယ်စနစ်အရ ထိန်းချုပ်သည့် စက်ပစ္စည်း ကိရိယာများ ထုတ်လုပ်သည့် လုပ်ငန်းခွင်ကို စက်တင်ဘာ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထောက်ပံ့ဖြည့်တင်းရေး ဆွေးနွေးပွဲ တရုတ်၌ ကျင်းပမည်

ပေကျင်း စက်တင်ဘာ ၁၀

တရုတ်ပြည် ထောက်ပံ့ဖြည့်တင်းရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း တရုတ်ပြည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (အမ်အိုစီ)မှ ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပေကျင်းမြို့တွင် ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ကြမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာလက ကျင်းပခဲ့သည့် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ဆွေးနွေးပွဲ၌ ရရှိခဲ့သည့် အဆိုပါ သုံးနိုင်ငံမှ အစိုးရအကြီးအကဲများ၏ သဘောတူညီမှုကို အကောင်အထည်ဖော်ရန် ထိပ်သီးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း အမ်အိုစီ ပြုပြင်ပြောင်းလဲရေးဌာန ညွှန်ကြားရေးမှူး ဒီကျန်ကိုင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးသုံးစွဲရေး ထိုင်းတွင် စည်းဝေးမည်

ဗန်ကောက် စက်တင်ဘာ ၁၀

အာဆီယံဒေသအတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါကြုံတွေ့လျှင် ကာကွယ်ဆေးသုံးစွဲရေးနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ဟူသောကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် အစည်းအဝေးကို လာမည့် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသခံသတင်းမီဒီယာများက ယမန်နေ့တွင် ဖော်ပြကြသည်။

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးဆိုင်ရာ အစည်းအဝေးကို လာမည့် နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် ကျင်းပရန်ရှိသည်။ ထိုအစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် သက်ဆိုင်ရာ အရာရှိများ တက်ရောက်ကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ထို့အပြင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြလိမ့်မည်ဟု ယူဆရကြောင်း ထိုင်းအစိုးရ သတင်းဌာန(တီအင်န်အေ)က သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံကာ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးခေါင်းစဉ်သည် လာမည့်အစည်းအဝေးတွင် ဆွေးနွေးကြမည့် အဓိကအကြောင်းအရာဖြစ်ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဌာန ဝန်ကြီး ဆူဒါရတ်ကီယူရာဖန်က ပြောကြားသည်။ အရှေ့တောင်အာရှဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ပထမအကြိမ်ဖြစ်ပွားစဉ်က လူ ၂၄ ဦး သေဆုံးခဲ့ရသည်။ ယခုနှစ် အစောပိုင်းအချိန်ကလည်း ထိုတုပ်ကွေးရောဂါသည် ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှား နိုင်ငံများ၌ ဖြစ်ပွားခဲ့ရာ အထိနာခဲ့ရကြောင်း သိရသည်။

နောက်ဆုံးသိရှိရသော သတင်းများအရ ပြီးခဲ့သော သီတင်းပတ်အတွင်းတွင် ဗီယက်နမ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးကြောင့် လူတစ်ဦး ထပ်မံသေဆုံးသည်ကို သိရသည်။ ထို့အပြင် မလေးရှားနိုင်ငံ၌လည်း အဆိုပါ တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။ ဒေသတွင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ခြိမ်းခြောက်နေသည်မှာ မှန်သော်လည်း ထိုရောဂါကို ထိန်းချုပ်ရန် ရောဂါကာကွယ်ဆေး သုံးစွဲရေး၊ မသုံးစွဲရေးဆိုသောကိစ္စမှာ အငြင်းပွားဖွယ်ရာ ဖြစ်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခံရသော နိုင်ငံများသည် ထိုရောဂါ မပြန့်ပွားရေးလုပ်ငန်းကို ထိပ်တန်းလုပ်ငန်းအဖြစ် သဘောထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ဆိုသည်။ ထိုသို့ဆောင်ရွက်ရန် ကြက်ငှက်များကို သတ်ဖြတ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

သို့ရာတွင် ကြက်ငှက်ဝယ်ယူတင်သွင်းနေကြသော နိုင်ငံများက ကာကွယ်ဆေး ထိုးထားသော ကြက်ငှက်များကို ဝယ်ယူတင်သွင်းခွင့်မပြုရန် ပိတ်ပင်ကြသည်။ ထိုနိုင်ငံများက ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာမည့် ကြုံတွေ့ရမည့်ဒုက္ခကို ပူပန်နေကြသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရားသေဝါဒတွေ စွန့်လွှတ်ပြီး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး

အောင်မိုးစံ

တရားသေဝါဒဆိုတာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေမှန်ကို ပစ်ပယ်တဲ့ ဝါဒ၊ မိမိအလိုကို ဆန္ဒစွဲဆုပ်ကိုင်ထားတဲ့ဝါဒ၊ အမှား၊ အမှန် ပြန်လည်ဝေဖန်ပိုင်းခြားမှု မပြုတဲ့ဝါဒ၊ ပကတိပတ်ဝန်းကျင်နဲ့ ကင်းကွာစေတဲ့ ဝါဒဖြစ်တယ်။ ခြုံပြီးပြောရမယ်ဆိုရင် တရားသေဝါဒဟာ အစွန်းရောက် အတ္တစွဲဝါဒဖြစ်တယ်။

ဒီဝါဒဟာ နိုင်ငံရေးတွင် နိုင်ငံရေးအခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ၊ စီးပွားရေးတွင် စီးပွားရေးအခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ၊ လူမှုရေးတွင် လူမှုရေးအခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ ဖြစ်တယ်။ ဒါကြောင့် အများနဲ့ ကင်းကွာကျဆုံးစေတဲ့ ဝါဒလည်းဖြစ်တယ်။

ဒီတရားသေဝါဒကြောင့် နိုင်ငံထူထောင်ရာတွင်ဖြစ်စေ၊ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး ကြိုးပမ်းရာတွင်ဖြစ်စေ ပဋိပက္ခအသွင်တွေဖြစ်ပေါ်စေပြီး ပြည်သူတွေကို အကျိုးပျက်စေပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံရေးသမိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရတာဟာ ကွန်မြူနစ်ဝါဒကို တရားသေကိုင်စွဲမှု၊ လူမျိုးစွဲဝါဒကို တရားသေကိုင်စွဲမှု၊ ပါတီစွဲ ပုဂ္ဂိုလ်စွဲဝါဒတွေကို တရားသေကိုင်စွဲမှု ပဋိပက္ခတွေကြောင့် ဖြစ်ပါတယ်။ အမျိုးသားရေးအကျိုး၊ ပြည်သူလူထုအကျိုးကိုသာ စုပေါင်းဦးထိပ်ထားမယ်ဆိုရင် ဘယ်လိုမှ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်လာနိုင်မယ်မဟုတ်ပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုလည်း ပြိုကွဲနိုင်စရာမရှိပါ။ အဲဒီလို တရားသေဝါဒကို ကိုင်စွဲထားတဲ့ လက်နက်ကိုင် ပဋိပက္ခဒဏ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတဲ့ဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာခဲ့ရပါတယ်။

၁၉၆၀-၇၀ပြည့်နှစ်ကာလများက မြစ်ဝကျွန်းပေါ်တွင် ကြီးစိုးခဲ့တဲ့ ဗကပများဟာ အစိုးရထံ စပါးမရောင်းရ။ လူဆိုရင်ကျင်း၊ နွားဆိုရင်ဟင်း၊ လှည်းဆိုရင်ထင်းဆိုပြီး ပိတ်ပင်ခဲ့ပါတယ်။ ဒါ့အပြင် အစိုးရက ဖွဲ့စည်းပေးတဲ့ ကျေးရွာအခြေခံစားသုံးသူ သမဝါယမအသင်းတွေကိုလည်း အစိုးရရဲ့ လက်ဝေခံစီးပွားရေးလုပ်ငန်းဖြစ်တယ်ဆိုပြီး လုံးဝဖွဲ့ခွင့်မပြုခဲ့ဘူး။ ဒါ့ကြောင့် ဒီဒေသက ပြည်သူတွေ၊ လယ်သမားတွေဟာ အစိုးရကို စပါးမရောင်းရတဲ့အတွက် ဝင်ငွေလည်းမရှိ၊ အခြားသော ဒေသများမှာလို စားသုံးကုန်လည်းမရနဲ့ အကျပ်အတည်းကြီးစွာ ကြုံလာရတယ်။ ဗကပတွေက အစိုးရဆီကရတဲ့ အခွင့်အလမ်းတွေကိုလည်း ယူခွင့်မပြု၊ သူတို့လည်းမပေးနိုင်တဲ့အတွက် ကြုံတွေ့နေရတဲ့ အကျပ်အတည်းက လွန်မြောက်ဖို့အတွက် ဒေသခံပြည်သူတွေဟာ အစိုးရနဲ့ပူးပေါင်းပြီး ဗကပတွေကို ချေမှုန်းခဲ့ကြပါတယ်။ မိမိတို့ရဲ့ ထွက်ရပ်လမ်းကို ရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် တရားသေဝါဒကို ကိုင်စွဲထားတဲ့ ဗကပတွေ မြစ်ဝကျွန်းပေါ်မှာ ဇာတ်သိမ်းသွားခဲ့ရပါတယ်။

ဒီနေ့လည်း ပါတီအဖွဲ့အစည်းအချို့ဟာ ဒီအပေါ် သင်ခန်းစာ ယူရမယ့်အစား မိမိတို့ အယူအဆကို တရားသေကိုင်စွဲပြီး တည်ဆဲအစိုးရနဲ့ မစေ့စပ်ရေးလမ်းကို ရွေးချယ်နေဆဲဖြစ်ပါတယ်။ ဒါဟာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးအတွက် အတားအဆီးဖြစ်သလို ဒီမိုကရေစီ ထူထောင်ရေးကိုလည်း နှောင့်နှေးစေပါတယ်။ ဒီအပေါ် အလိုတူအလိုပါ ပြည်ပနိုင်ငံကြီးအချို့က လူသားချင်းစာနာတဲ့ အကူအညီဖြတ်တောက်မှု၊ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေနဲ့ အားပေးအားမြှောက်ပြုနေပါတယ်။ အခုလို မိမိတို့လည်း လုံးဝမကူညီတဲ့အပြင် အစိုးရရဲ့ ထူထောင်ရေးလုပ်ငန်းမှန်သမျှကို အဆိုးမြင်ပိတ်ဆို့ဆန့်ကျင်နေမှုတွေဟာ ပြည်သူတွေကို ဆင်းရဲကျပ်တည်းအောင် ဆောင်ရွက်ခဲ့တဲ့ ဗကပတို့ရဲ့ နိုင်ငံရေးတိုက်ပွဲနဲ့ တစ်ထပ်တည်း ဖြစ်နေပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့အနေနဲ့ ပြည်သူတွေကို ထိခိုက်စေတဲ့ မိမိတို့ရဲ့ တရားသေဝါဒကို စွန့်လွှတ်ပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို စုပေါင်းလုံ့လပြု ထူထောင်သွားကြဖို့ဖြစ်ပါတယ်။ အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူးလိုတဲ့ ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကိုတရားသေဆုပ်ကိုင်မထားကြဖို့ဖြစ်ပါတယ်။

ဒီကနေ့ဟာ အခြေအနေအချိန်အခါတွေ ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတို့ဟာ ဖြစ်ပျက်ပြောင်းလဲလျက်ရှိပါတယ်။ လူ့ဘဝသည်လည်းကောင်း၊ လူ့ဖွဲ့အစည်းသည်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်တို့သည်လည်းကောင်း ဖြစ်ပျက်ပြောင်းလဲလျက် ရှိပါတယ်။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိပါတယ်။ ဒါကြောင့်လည်း အခြေအနေအချိန်အခါတွေကို တရားသေ မှတ်ယူထားလို့ မရနိုင်ပါ။ လွန်ခဲ့တဲ့ အနှစ် ၅၀ က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနဲ့ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ဟာ ဘယ်လိုမှ မတူညီတော့ပါ။ လွန်ခဲ့တဲ့ ၁၄ နှစ်ကနဲ့ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေလည်း ဘယ်လိုမှ မတူတော့ပါ။ မျက်ဝါးထင်ထင် အမှန်ပင်ဖြစ်ပါတယ်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ကာလသုံးပါးမှာ အတိတ်ဟာ အခြေအနေပေးသာဖြစ်တယ်။ ပစ္စုပ္ပန်ဟာ အဆုံးအဖြတ်ဖြစ်ပြီး အနာဂတ်ဟာ အလားအလာဖြစ်ပါတယ်။ ဒါကြောင့် အတိတ်ကို ဆုပ်ကိုင်မထားဘဲ ပစ္စုပ္ပန်

> **ဒီအပေါ် ဆင်ခြင်လာတဲ့ ပြည်ပရောက် အမေရိကန်အခြေစိုက် မြန်မာပြည်လွတ်မြောက်ရေး အဖွဲ့ဆိုတဲ့ အဖွဲ့ခေါင်းဆောင်တွေဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်နဲ့ အနောက်ဥရောပ ဒီမိုကရေစီပုံတူကူးရေး တရားသေဝါဒဟာ ထွက်ပေါက်မဲ့ဖြစ်နေတယ်ဆိုတာကို ၁၅ နှစ်ကျော်ကာလရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ ဆင်ခြင်လာတာဖြစ်ပါတယ်။ ပြည်သူတွေကိုသာ ထိခိုက်လာတယ်ဆိုတာကို သုံးသပ်ဆင်ခြင်လာတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးပြဿနာ ဖြေရှင်းရာတွင် အမျိုးသားညီလာခံလမ်းကြောင်းကို ရွေးချယ်သွားဖို့ပြောလာပါတယ်။**

ကိုသာ ရှေးရှုဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စုပ္ပန်ဟာ အတိတ်ရဲ့ ကောင်းမွေတွေကို ပေးသွားနိုင်သလို အနာဂတ်ရဲ့ အလားအလာကောင်းတွေကို ဖန်တီးနိုင်တဲ့ အဆုံးအဖြတ်ပေးကာလ ဖြစ်ပါတယ်။ ပစ္စုပ္ပန်အခြေအနေကို ဘယ်လိုမှ မျက်ကွယ်မပြုသင့်ပါ။ ပစ္စုပ္ပန်ကသာ အရာရာကို ဆုံးဖြတ်နိုင်လို့ဖြစ်ပါတယ်။

ဒီအပေါ် ဆင်ခြင်လာတဲ့ ပြည်ပရောက် အမေရိကန်အခြေစိုက် မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ဆိုတဲ့အဖွဲ့ခေါင်းဆောင်တွေဟာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်နဲ့ အနောက်ဥရောပ ဒီမိုကရေစီပုံတူကူးရေး တရားသေဝါဒဟာ ထွက်ပေါက်မဲ့ ဖြစ်နေတယ်ဆိုတာကို ၁၅နှစ်ကျော်ကာလရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ ဆင်ခြင်လာတာ ဖြစ်ပါတယ်။ ပြည်သူတွေကိုသာ ထိခိုက်လာတယ်ဆိုတာကို သုံးသပ်ဆင်ခြင်လာတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေး ပြဿနာဖြေရှင်းရာတွင် အမျိုးသားညီလာခံလမ်းကြောင်းကို ရွေးချယ်သွားဖို့ ပြောလာပါတယ်။ အစိုးရနဲ့မစေ့စပ်ရေးလမ်းကို လျှောက်လှမ်းနေတဲ့ ပါတီအဖွဲ့အစည်းများအနေနဲ့ မိမိတို့လမ်းစဉ်ကို ပြန်လည်သုံးသပ်ဖို့ ပြောလာပါတယ်။ ပကတိပစ္စုပ္ပန်အခြေအနေတွေအပေါ် ဆင်ခြင်နားလည်ဖို့ ဖြစ်ပါတယ်။ သဘောတရားတစ်ရပ် မှန်သလား၊ မှားသလားဆိုတာကို အရေအတွက်နဲ့ မဆုံးဖြတ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သဘောတရားသစ်တွေဟာ လူနည်းစုက စတင်လေ့ရှိပြီး လူများစုကို တစ်စတစ်စသာ ပြန့်ပွားလွှမ်းခြုံလေ့ရှိပါတယ်။ ဒီကနေ့လည်း ပြည်ပရောက် အစိုးရဆန့်ကျင်ရေးအင်အားစုတွေထဲမှာ အမေရိကန်အခြေစိုက် မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ဆိုတဲ့ အဖွဲ့ခေါင်းဆောင်စုတွေရဲ့ အထက်ဖော်ပြပါအမြင်ကို ထောက်ခံမှုများလာနေတာ တွေ့ရပါတယ်။

နောက်သင်ခန်းစာယူစရာ တစ်ခုလည်းရှိပါသေးတယ်။ ၁၉၉၆-၉၇ ခုနှစ်က မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုအပေါ် ပြည်တွင်း၊ ပြည်ပ အင်အားစုများနဲ့ ပြည်ပနိုင်ငံကြီးအချို့က ပြင်းထန်စွာ ပြောဆို ကန့်ကွက်ခဲ့ကြပါတယ်။ နည်းမျိုးစုံနဲ့ ဆန့်ကျင်ခဲ့ကြပါတယ်။ အာဆီယံရဲ့ ရည်ရွယ်ချက် (၃) ရပ်ဟာ-

(၁) ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ တိုးတက်ဖြစ်ပေါ်လာစေရန်။

(၂) နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်မှုအတွက် အင်အားကြီးနိုင်ငံများရဲ့ စွက်ဖက်မှုကို ကာကွယ်ရန်။

(၃) နိုင်ငံအချင်းချင်း သဘောကွဲလွဲမှုကို ထိန်းသိမ်းဖြေရှင်းရန် တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံအာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကိုဘယ်လိုပင်ကန့်ကွက်ခဲ့ပေမယ့် နောက်ဆုံးမှာ မြန်မာနိုင်ငံဟာ အာဆီယံရဲ့ ပကတိဘဝနဲ့ကိုက်ညီတဲ့အတွက် အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ဒီကနေ့ အာဆီယံအဖွဲ့ကြီးမှာ မြန်မာနိုင်ငံ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ အဲဒီလို ပကတိဘဝကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို ပွက်လောရိုက်ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်း၊ ပြည်ပအင်အားစုတွေ လက်မှိုင်ချခဲ့ရပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ဒီကနေ့ မိမိတို့ရဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေး ဦးတည်ချက်ကို အခြေအနေအချိန်အခါနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတက်လှမ်းကျင့်သုံးလာခဲ့ပါတယ်။ တရားသေကျင့်သုံးနည်းနဲ့ အခြေအနေအရ ကျင့်သုံးနည်း အစွန်းတရား နှစ်ပါးကင်းစွာ ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်တွေကို ဖျက်သိမ်းမှုက အစ ဒီကနေ့လို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အလုပ်စခန်းကို ရောက်ရှိလာတဲ့အထိ ဖြစ်ပေါ်တိုးတက်မှု အစဉ်တွေကို အထင်အရှားပင်တွေ့နိုင်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပြီး အပိုင်းတစ်ပိုင်းကို အောင်မြင်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ရှေ့ဆက်သွားရမယ့် လုပ်ငန်းစဉ်တွေကို လက်တွဲလုပ်ဖို့လည်း ကျန်နေတဲ့ ပါတီအဖွဲ့အစည်းများကို ဖိတ်ခေါ်ဆဲပင် ဖြစ်ပါတယ်။

လူမျိုးတိုင်းဟာ လွတ်လပ်မှုကို မြတ်နိုးကြပါတယ်။ လိုလားကြပါတယ်။ လွတ်လပ်ခြင်းဆိုတာ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်း၊ လူမှုရေးအရ လွတ်လပ်ခြင်းတို့ ဖြစ်ပါတယ်။ လွတ်လပ်ခြင်းအားလုံးရဲ့ အနှစ်ချုပ်ကတော့ လွတ်လပ်တဲ့ နိုင်ငံတိုင်းတွင်ရှိအပ်တဲ့ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာ သုံးရပ်စလုံး လွတ်လပ်မှုပင် ဖြစ်ပါတယ်။ ဒီအချုပ်အခြာအာဏာဟာ နိုင်ငံသားများနဲ့သာ သက်ဆိုင်ပါတယ်။ ဘယ်ပြည်ပနိုင်ငံ၊ ဘယ်နိုင်ငံခြားသားနဲ့မှ မသက်ဆိုင်ပါဘူး။

ဒါကြောင့် အမျိုးသားရေးပြဿနာကို အမျိုးသားအင်အားစုချင်း လက်တွဲဖြေရှင်းကြဖို့သာ ဖြစ်ပါတယ်။ ဒီကနေ့နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ အမျိုးသားနိုင်ငံရေးအင်အားစု အားလုံးပါဝင်တက်ရောက်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြဖို့ဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့ တိုင်းရင်းသားချင်း ဆွေးနွေးချမှတ်ကြဖို့ ဖြစ်ပါတယ်။ ဒီအချိန်မှာ အကျိုးမပေးတဲ့ တရားသေဝါဒတွေစွန့်လွှတ်ပြီး တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်သွားဖို့ဖြစ်ပါတယ်။ ။

ရန်ကုန်မြို့ သုဝဏ္ဏ စုပေါင်းကုံကျော်မြိုင်လမ်း အမှတ်၂၁/၂နေ ဦးဖေညွန့်-ဒေါ်သန်းတင့် သားသမီးမြေးများက ဒေါ်သန်းတင့် မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်၁၀၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ စက်တင်ဘာ၂ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ်အခြေခံပညာအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၂

မွန်ပြည်နယ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံပညာအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက်တွင် မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် တက်ရောက်ကြည့်ရှု အားပေးသည်။

ရှေးဦးစွာ မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံပညာ အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် ညပိုင်းတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့နှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

(သတင်းစဉ်)

ဘဝအတွက် ဆန်သည်အသက်

မြင့်ဆွေ(လယ်/ဆည်)

မြန်မာနိုင်ငံ၏ အဓိကရိက္ခာမှာ ဆန်စပါးဖြစ်သည်။ နေ့စဉ်စားသုံးကြသည့် ဆန်၊ နိုင်ငံတစ်ဝန်း စိုက်ဧကအများဆုံးဖြစ်သည့် စပါး၊ ဆန်စပါးဖူလုံပိုလျှံရေးကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် အဘက်ဘက်က လက်ရှိထက် တိုးတက်အောင် ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု သက်တမ်းကလည်း နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ ရှေးဘုရင်များခေတ်မှသည် ယနေ့တိုင် ခေတ်အဆက်ဆက် အစိုးရများသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို အားပေးခဲ့သည်။ မြန်မာတို့အတွက်မှာ ဆန်သည် အသက်ဖြစ်ပါသည်။

ဤတွင် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုနှင့်ပတ်သက်၍ အမျိုးသားရေးတာဝန်အဖြစ် ပြည်သူပြည်သားများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရပေမည်။ ၁၉၆၈ ခုနှစ်မတိုင်မီကာလ မြန်မာနိုင်ငံတွင် ဒေသစပါးမျိုးများ (ရာသီစပါး)များစိုက်ခဲ့သည်။ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းကာလဖြစ်သည်။ ရာသီစပါးများသည် အလင်းရောင်တုံ့ပြန်မှုရှိသဖြင့် မည်သည့်ရက်တွင် စိုက်ပျိုးသည်ဖြစ်စေ၊ မျိုးအလိုက်သတ်မှတ်သည့်ရက်၌ စပါးနှံထွက်လေ့ရှိသည်။ တစ်ဧကေ တင်းအထွက်ကလည်း လေးဆယ်ဝန်းကျင်သာထွက်သဖြင့် နည်းသည်။ ၁၉၆၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စပါးစိုက်ပျိုးကြသော နိုင်ငံများခေါ်ဝေါ်ကြသည့် "အံ့ဖွယ်စပါး" ကို မြန်မာနိုင်ငံ၌ စတင်စိုက်ပျိုးခဲ့သည်။ ခေတ်သစ်စပါးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ထုတ်လုပ်သည့် စပါး၊ ကျွန်တော်တို့ မြန်မာတောင်သူတွေ အမှတ်ရနေကြဆဲ၊ ရာကျော်စပါးဖြစ်သည်။ မျိုးအမှတ် အိုင်အာ(8) IR-8 ခေါ်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးတရားဝင် ဝင်ရောက်လာသည့် စပါးမျိုးဖြစ်၍ ရာကျော် (၁)ဟု ခေါ်ကြသည်။ လက်ရှိ တစ်ဧကတင်း ၄၀ ဝန်းကျင်ထွက်ရာမှ တစ်ဧကတင်း ၁၀၀ ကျော် ထွက်လာ၍ ရာကျော်ဟု ခေါ်ကြသည်။ သည့်နောက်ရာကျော်(၂)၊ (အိုင်အာ-၅) စီ ၄/၆၃ စသည်ဖြင့် စိုက်ခဲ့ကြရာ ယခုအခါ အထွက်ကောင်း စပါးမျိုးများစွာ စိုက်ပျိုးနေကြပြီ၊ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ မော်ဘီ-၂၊ ရွှေသွယ်ရင်၊ သီးထပ်ရင် စသည်ဖြင့် တောင်သူလယ်သမားအကြိုက် စပါးမျိုးများဖြစ်သည်။

ယခုအခါ စပါးစိုက်လယ်မြေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်တွင် အထွက်ကောင်းစပါးများ စိုက်ပျိုး၍ အထွက်တိုးနေကြပြီ။ ဒေသအနှံ့ စပါးဖူလုံပိုလျှံပြီး ပန်းတိုင်အထွက်နှုန်း တစ်ဧက စပါးတင်းတစ်ရာ ထွက်ရှိရေးဦးတည်ဆောင်ရွက်နေသည်။ အရည်အသွေးကောင်း စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေးကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်နေသည်။ စပါးပိုလျှံရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည်။ စိုက်ဧက တိုးချဲ့ရေးနှင့် တစ်ဧကအထွက်တိုးရေး နည်းလမ်းနှစ်သွယ်ဖြင့် ဆန်စပါးပိုလျှံရေး ဒေသအနှံ့ ကြိုးပမ်းနေသည်။ နည်းပညာများ ပြောင်းလဲ ကျင့်သုံးပြီး တောင်သူလယ်သမားများထံ ကျယ်ကျယ် ပြန့်ပြန့် ရောက်ရှိရေး နည်းပညာပေး သရုပ်ပြပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ဤတွင် နိုင်ငံ၏စပါးစိုက်ပျိုးမှု တစ်ခေတ်ပြောင်းစေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Reasearch Institute) (IRRI) ကို ၁၉၆၀ ပြည့်နှစ်၌ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့အနီး တည်ထောင်ခဲ့သည်။ နိုင်ငံတကာမှ စပါး ကျွမ်းကျင်ပညာရှင်များသည် စပါးသီးနှံကို ပုံစံသစ်ဖန်တီးနေကြသည်။ ၁၉၆၇ ခုနှစ်မှ ၁၉၉၂ ခုနစ်အထိ ၂၅ နှစ်အတွင်း ကမ္ဘာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု နှစ်ဆတိုးမြှင့်ပေးခဲ့သည်။ ကမ္ဘာပေါ်တွင် စပါးစိုက်သော နိုင်ငံပေါင်းများစွာအနက် နိုင်ငံ ၉၀ ကျော်နှင့် ဆက်သွယ်ပံ့ပိုးဆောင်ရွက်နေသည်။ မြန်မာနိုင်ငံသည် ၁၉၆၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနှင့် စတင်ဆက်သွယ်ခဲ့သည်။

ထိုသို့ ဆက်သွယ်ပြီးနောက် စပါးမျိုးသစ်များ ထုတ်လုပ်မှုနှင့် မြန်မာ့ဆန်စပါး သုတေသနပညာရှင်များနှင့်ပူးပေါင်း၍ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်ခဲ့သည်။ ၁၉၇၀-၇၄ ခုနှစ်ပိုင်းတွင် စပါးအထူးအထွက်တိုးလုပ်ငန်း၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ သည့်နောက် အဆိုပါလုပ်ငန်းအား ရွှေဘိုမြို့နယ်တွင် ထပ်မံဆောင်ရွက်သည်။ ထပ်မံ၍ မြို့နယ်ပေါင်း ၂၂ မြို့နယ်တွင် ဆောင်ရွက်ပြီး နောက်ပိုင်း၌ တစ်နိုင်ငံလုံး အထူးအထွက်တိုးစပါး စိုက်ပျိုးမှုလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ရေရရှိနိုင်သည့် ဒေသများ နွေစပါး စတင်စိုက်ပျိုးခဲ့၍ မိုးစပါး တစ်သီးစိုက်ပျိုးရာမှ နွေစပါး သီးထပ်စိုက်ပျိုးသဖြင့် စပါးအထွက်တိုးခဲ့သည်။ ဤသည်တို့သည် နိုင်ငံတော်၏ စပါးပိုလျှံရေးကြိုးပမ်းမှု အပြောင်းအလဲများဖြစ်သည်။ ယခုအခါ လယ်စပါး၊ ယာစပါး၊ ရေနက်စပါး၊ ဆားငန်စပါး၊ ကုန်းမြင့်ဒေသစပါး စသည်ဖြင့် ဒေသအနှံ့ စိုက်ပျိုးအထွက်တိုးနိုင်သော စပါးမျိုးများကို ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဌာနမှ မြန်မာ့စိုက်ပျိုးရေး သုတေသနပညာရှင်များက ထုတ်လုပ်နေသည်။ မကြာမီသောကာလတွင် ပြည်တွင်း၌ စပ်မျိုးစပါး ထုတ်လုပ်နိုင်တော့မည်။

ဤသို့သောစပါးကို အမျိုးသားရေးလှုပ်ရှားမှုဖြင့် အဓိကသီးနှံအဖြစ် အားပြုစိုက်ပျိုးထုတ်လုပ်နေချိန်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ဟု သတ်မှတ်ခဲ့သည်။ ဆောင်ပုဒ်မှာ ဘဝအတွက် ဆန်သည်အသက် (Rice is Life) ဖြစ်သည်။ ကမ္ဘာတစ်ဝန်း အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် အထိမ်းအမှတ်ပွဲတော်များ ကျင်းပနေသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရိုးရာစပါးထောင်းပွဲတော်၊ ထိုင်းနိုင်ငံတွင် ဆွေးနွေးပွဲ၊ ပိုစတာပြိုင်ပွဲများကို တစ်နှစ်ပတ်လုံး လအလိုက်ကျင်းပမှု၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဇန်နဝါရီလအတွင်း အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပမှု၊ အက်ဖ်အေအိုအဖွဲ့ကြီးမှ ဓာတ်ပုံပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပမှု၊ ကုလသမဂ္ဂရုံးချုပ်တွင် ဆန်စပါးနှစ်ပြပွဲ၊ ဘင်္ဂလားဒေ့ရှ် ဆန်စပါး သုတေသနသိပ္ပံတွင် အထိမ်းအမှတ် အခမ်းအနားကျင်းပမှု၊ တောင်ကိုရီးယားနိုင်ငံ၊ ဆူဝမ်မြို့တွင် ညီလာခံကျင်းပမှုတို့သည် ဆန်စပါးနှစ်ကို ဂုဏ်ပြုကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဩဂုတ် ၄ ရက်က မော်ဘီမြို့၊ မြန်မာ့ဆန် စပါးသုတေသနဌာနတွင် ပျိုးကြဲပွဲတော် ကျင်းပမှုအပြင် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်အတွင်း အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ၂၀၀၄ ပွဲတော် ပြပွဲပြိုင်ပွဲကျင်းပပြီး စာစီစာကုံး၊ ဉာဏ်စမ်းပဟေဠိ၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်ခြင်း၊ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားတို့မှ ဟောပြောချက်၊ ဆွေးနွေးခန်း၊ သီချင်းများထုတ်လွှင့်မှုတို့သည် ဆန်ကို အဓိကထားစားသုံးသည့် နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ၂၀၀၄ ကို ဂုဏ်ပြုခြင်းဖြစ်ပါသည်။ ။

မဟာစည်တရားပွဲများ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ တိုရှိမပလာဇာ အဆောက်အအုံ၌ ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း၊ အတ္တာမိမြို့ ဓမ္မရိပ်သာတွင် စက်တင်ဘာ ၄ ရက်တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။

(က-ပ)

ဒီဇယ်သုံးမော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့သုံးအဖြစ် စမ်းသပ်ထုတ်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်စောလွင် စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)သို့ ရောက်ရှိပြီး ဒီဇယ်သုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် စမ်းသပ်ပြောင်းလဲထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်ရုံခန်းမအတွင်း ခင်းကျင်းပြသထားသည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲထုတ်လုပ်ရာတွင် အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံမှ ထုတ်လုပ်ပေးရသော စက်ပစ္စည်းအစိတ်အပိုင်းများနှင့်အခြားစက်ရုံများမှ မှာယူရသော စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် စက်ရုံ အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းတို့က ရှင်းလင်းပြသကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် သဘာဝဓာတ်ငွေ့သုံး အဖြစ် စမ်းသပ်ပြောင်းလဲထားသော တီအီး ကုန်တင်ယာဉ် စက်စမ်းသပ်လည်ပတ်မှုကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပေးပို့ထားသည့် ခရီးသည်တင် ဘတ်စ်ကားနှင့် တီအီးကုန်တင်ယာဉ်များနှင့်အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ထားသည့် ခရီးသည်တင် ဘတ်စ်ကားကို သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲတပ်ဆင်ထားရှိမှုကို လည်းကောင်း၊ တပ်ဆင်ပြောင်းလဲပြီး တီအီး ကုန်တင်ယာဉ် စမ်းသပ်မောင်းနှင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းအစိတ်အပိုင်းများ စံချိန်စံညွှန်း ကိုက်ညီရေး၊ သဘာဝဓာတ်ငွေ့အိုးများ တပ်ဆင်ရာတွင် ခိုင်ခန့်မှုရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နေ့စဉ် ပြောင်းလဲထုတ်လုပ်ရမည့် စီးရေထက် ပိုမိုပြောင်းလဲ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထုတ်လုပ်ပြီးစီး

အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ (ရန်ကုန်)အနေဖြင့် ဒီဇယ်ဆီသုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် စမ်းသပ် ပြောင်းလဲထုတ်လုပ်လျက်ရှိရာ ယခုအခါ တီအီးကုန်တင်ယာဉ်လေးစီးနှင့်ဘတ်စ်ကားနှစ်စီး စုစုပေါင်းခြောက်စီးတို့ကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲ စမ်းသပ် ထုတ်လုပ်ပြီးစီးနေပြီဖြစ်သည်။

(သတင်းစဉ်)

သဲအင်းဂူနှစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)က စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၆ ရက်ထိ ခုနစ်ရက်တရား စခန်းတွင် သမထဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာလ ၁၈ ရက် စနေနေ့ ညနေ ၅ နာရီအရောက် စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျောက်တန်းမြို့ ကမာကလုတ်ကျေးရွာ ကမာဆွဲ လူငယ်ဖွံ့ဖြိုးရေးဂေဟာရှိ တိုင်းရင်းသားမိဘမဲ့ကလေး ၁၅၂ ဦးအတွက် အငြိမ်းစားညွှန်ကြားရေးမှူး ဦးထွန်းရှိန်(စာရေးဆရာသန်းဝင်းရှိန်)က ကျပ် ၃၈၅၀၀ တန်ဖိုးရှိ ဘာသာရေး၊ လူမှုရေး၊ သုတစာအုပ် ၅၀၊ မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ် ၅၀ နှင့် စာစောင်၊ ဂျာနယ်မျိုးစုံ ၇၁ အုပ်ကို စက်တင်ဘာ ၈ ရက်က အမှူးဆောင် လူကြီးမှတစ်ဆင့် ပေးပို့လှူဒါန်းစဉ်။ (က-ပ)



ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ ပညာသင်နှစ် တတိယသုတ်အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၄-၁၁-၂၀၀၄ ရက်မှ ၁၃-၁၁-၂၀၀၄ ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၁၇-၁၁-၂၀၀၄ ရက်မှ ၂၄-၁၁-၂၀၀၄ ရက်အထိ လည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ ကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် စီးပွားရေးအထူးပြု ကျောင်းသားများသည် အထက(၁)မြောက်ဥက္ကလာပ၊ အထက(၃)မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့၌ လည်းကောင်း၊ ပထမနှစ် စီးပွားစီမံ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ ကျန်ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုများအားလုံးသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ ကျောင်းသားများသည် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချ သင်တန်းများကို တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့်ဒုတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ ကျောင်းသားများသည် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးပညာအထူးပြုကျောင်းသားများသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် မဟာသိပ္ပံစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အကျော်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ညွှပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ပဓာန နာယက ဆရာတော်နှင့် ရတနာသိဂီ သီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီးတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြအောင်နှင့် ဦးထင်မျိုးတို့ကလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်ပြည်သူများ လှူဒါန်းသည့် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများကလည်းကောင်း၊ အိုကေ ဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း-ဒေါ်အုန်းကြင်တို့က ဆွမ်းဆန်တော်များကို လည်းကောင်း၊ စန္ဒီပရဆေးမှ (ဦးသိန်းမောင်)-ဒေါ်ပါးပါး တို့က ဆွမ်းဆန်တော်များကို လည်းကောင်း၊ မှန်ချိုဆေးတိုက်၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးမောင်မောင်နှင့်ညီများ၊ ထွန်းရွှေဝါ ဆေးတိုက်နှင့် သမားတော်ကြီး ဦးရွှေမြဆေးတိုက်တို့က တိုင်းရင်းဆေးများကို လည်းကောင်း ဆရာတော်ကြီးထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်းများနှင့် သာသနာ့နွယ်ဝင် သီလရှင်ကျောင်းတို့သို့ စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသောင်းခြောက်ထောင်၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ သမားတော် ဦးဘိုကြီး-ဒေါ်သန်းသန်းက ငွေကျပ် နှစ်သိန်းနှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးက ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က လက်ခံသည်။

ဆွမ်းပဒေသာပင်

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော ဝင်းရတနာ ခရီးသွားလုပ်ငန်းက ငွေကျပ် တစ်သိန်းရှစ်ထောင်၊ သမ္မတသကၤန်းတိုက် ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေတို့က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေးက ငွေကျပ် ၁၅၀၀၉၀၊ မှန်ချိုဆေးတိုက်မှ သမားတော် ဦးလှရွှေ-ဆရာမ ဒေါ်တင်နွယ်ဦးတို့က ငွေကျပ်တစ်သိန်း၊ လှိုင်သာယာမြို့နယ် လုပ်ငန်းရှင်များက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဝါဝါဝင်းကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း၊ လှိုင်သာယာမြို့နယ် ပညာရေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာ ကုမ္ပဏီက ငွေကျပ်ရှစ်သောင်း၊ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးများက ငွေကျပ်ကိုးသောင်း၊ လှိုင်သာယာမြို့နယ်ရှိ တည်းခိုခန်းပိုင်ရှင်များက ငွေကျပ်ခြောက်သောင်း၊ လှိုင်သာယာမြို့နယ် ဌာနဆိုင်ရာများ၊ လှိုင်သာယာမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဦးအုန်းလွင် ဥက္ကဋ္ဌ မွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လှိုင်သာယာ၊ လှိုင်သာယာမြို့နယ် မလွန်ဆန်လှူအသင်း

ထောက် သမားတော် ဦးရွှေမြှား-ဒေါ်ခင်ယုံ၊ ထွန်းရွှေဝါဆေးတိုက်နှင့် လမ်းမတော်မြို့နယ်မှ ဒေါ်လှလှတို့က ငွေကျပ် ငါးသောင်းစီနှင့် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် (၄)ရပ်ကွက် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ က သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ညွှပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် လှိုင်သာယာမြို့နယ် (၃)ရပ်ကွက် အနန္တဓမ္မစာရီဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ မေတ္တာပို့ဖြင့် မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက လှူဒါန်းကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၃၇ အိတ်၊ ဆီ ၁၀၃ပိဿာ၊ ပဲ ၂၀၆ ပိဿာ၊ အိုင်အိုဒင်းဆား ၁၀၃၂ပိဿာ၊ သွားတိုက်ဆားဘူး ၂၀၆ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၄၄၆၀၊ ဆပ်ပြာတောင့် ၂၀၆၄ တောင့်နှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၂၆၄၃၅၉၀ ဖြစ်သည်။

သဃ်န်းကျွန်း

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံ ဆံတော်ရှင်

စေတီတော်ဓမ္မာရုံကြီး၌ ...
နိုင်ငံတော် အေးချမ်းသာယ...
ဖွံ့ဖြိုးရေးကောင်စီ အတွင်း...
စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီ...
တက်ရောက်ကြည်ညို၍ လှူဖွ...
များ ဆက်ကပ်လှူဒါန်းသည...

ရှေးဦးစွာ အခမ်းအနားက...
တဿ သုံးကြိမ်ရွတ်ဆို ...
ကန်တော့၍ ဖွင့်လှစ်ပြီး ရန်...
သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ...
ပဏ္ဍိတ မဟာသိပ္ပံစာသင်တို...
နာယကဆရာတော် ဘဒ္ဒန္တ ...
ထံမှ အတွင်းရေးမှူး(၂)၊ စစ်...
ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်...
ဝင်များနှင့် ညွှပရိသတ်တို့...
သီလ ခံယူဆောက်တည်ကြ...

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေး...
စစ်ရေးချုပ် ဒုတိယ ဗိုလ်...
သိန်းစိန်၊ သာသနာရေးဝန်...
ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြ...
လူမှုဝန်ထမ်း၊ ကယ်ဆယ...
ပြန်လည်နေရာချထားရေး ...
ဌာန ဒုတိယဝန်ကြီး ဗိုလ...
ကျော်မြင့်၊ ဒုတိယမြို့...
ဗိုလ်မှူးကြီးမောင်ပါနှင့် တ...
(ကြည်း၊ရေ၊လေ) အရာရှိကြီ...
ဆရာတော် သံဃာတော်...
လှူဖွယ်ပစ္စည်းများကို ဆ...
လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်...
ရေ၊လေ) မိသားစုများ...
ကာကွယ်ရေးဝန်ကြီးဌာနမှ ...

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် (ကြည်း၊ ရေ၊ လေ) တပ်မတော် အရာရှိကြီးများ ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်း...
စာသင်တိုက်များနှင့် သီ...
ရေ၊လေ)မိသားစုများနှင့်...
ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်း...
လှူဒါန်းပွဲအခမ်းအနားတွင်...
သီလရှင်ဆရာကြီးများထံ...
လှူဒါန်းစဉ်။

အောင်သိမ်း၊ ကာကွယ်ရေးဦး...
(ရေ)မှ ဒုတိယဗိုလ်မှူးကြီး ခ...
နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံ...
စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ...
ဗိုလ်မှူးကြီးနေဝင်းတို့က ...
တော်၊ ဆီနှင့် ပဲများကို ဆ...
သံဃာတော်များနှင့် သီလ...
ကြီးများထံ ဆက်ကပ်လှူ...
သည်။

ဆက်လက်၍ သာသနာရေ...
ဌာန ရန်ကုန်တိုင်း ...
သာယာရေးနှင့် ဖွံ့ဖြိုးရေးကေ...
ရန်ကုန်မြို့တော် စည်ပင်သာ...
ကော်မတီတို့က လှူဒါန်း...
ဆွမ်းဆန်တော်များကို ...
ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ...
အရှေ့ပိုင်းခရိုင် အေးချမ်းသာ...
နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ...

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

စေတီတော်ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မဟာသိပ္ပံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိဓမ္မ ထံမှ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် ညီ့ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က လှူဒါန်းကြသော ဆွမ်းဆန်တော်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ပဲနှင့် ဆေးများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် သုံးသိန်းလေးသောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းနှစ်ထောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ ဦးတင်မောင်စိုး - ဒေါ်မေသက်နှင်း မိသားစုက ငွေကျပ် ၁၅သိန်း၊ ရွှေတောင်ဆောက်လုပ်ရေးက ငွေကျပ် ငါးသိန်း၊ ILBC မိသားစု၊ Mother Trading Co.,Ltd နှင့် နိုင်ဂရုပ် ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီဆိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ မြို့နယ် အတွင်းရှိ လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်းလေးထောင်၊ မြန်မာပြည် သားဟော့ ကေအင်န်ကုမ္ပဏီ၊ ပြည်လုံးချမ်းသာဆေးတိုက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ်နှစ်သိန်းစီ၊ မြို့နယ် အတွင်းရှိ စေတနာရှင်ပြည်သူများက တစ်သိန်းကိုးသောင်း ရှစ်ထောင်၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီနှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးတို့က ငွေကျပ် တစ်သိန်းငါးသောင်းစီ၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းက ငွေကျပ်တစ်သိန်း ရှစ်ထောင်၊ မှန်ချို ဆေးတိုက်က ငွေကျပ်တစ်သိန်း၊ သမ္မတသက်န်းတိုက်က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဆန်းမြန်မာကုမ္ပဏီ လီမိတက်က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းက ငွေကျပ် နှစ်သိန်း၊ ACE ဆောက်လုပ်ရေး၊ Lizstar ဆောက်လုပ်ရေး၊ မြင့်မြတ် စပါးစိုက်ပျိုးရေးလုပ်ငန်း၊ တာမွေမြို့နယ်မှ ဒေါက်တာမိုးတင်မိသားစု၊ စိန်နှင့်ဆန်း ကုမ္ပဏီ၊ သဃ်န်းကျွန်းမြို့နယ်မှ ကြည်သာ ရွှေဆိုင်မိသားစု၊ ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး၊ Silver Shine Co., Ltd ၊ သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် အရှေ့ပိုင်းခရိုင် ယဉ်လိုင်းများအဖွဲ့တို့က ငွေကျပ် တစ်သိန်းစီ၊ မြောက်ဥက္ကလာပမှ ချမ်းမြေ့စတိုးက ငွေကျပ် ခြောက်သောင်းသုံးထောင်၊ တက်လမ်းဆောက်လုပ်ရေးနှင့် အောင်သုခ ဆောက်လုပ်ရေးတို့က ငွေကျပ် တစ်သိန်းစီ၊ ယုဇနဆောက်လုပ်ရေး၊ MMMဆောက်လုပ်ရေး၊ ထွန်းရွှေဝါ ဆေးတိုက်၊ ဦးရွှေမြား-ဒေါ်ခင်ယုံ မိသားစု၊ ထက်လင်း ဆေးတိုက်နှင့် မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်ကြီးများ အသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနတို့က ငွေကျပ် ခုနစ်သောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြခိုင်၊ ဘဏ္ဍာရေးမှူး ဒေါ်သူဇာသန်း၊ Top Star ဆောက်လုပ်ရေး၊ Nice ဆောက်လုပ်ရေး၊ အိုလံပစ်ဟိုတယ်၊ မွေးကော်အိတ်လုပ်ငန်း၊ ရောင်နီဦး သစ်စက်၊ ဝင်းတင် ပဲပြားရည်လုပ်ငန်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ၊ ကြိုင်ဟောင်း ပဲပြားရည်လုပ်ငန်း၊ အောင်သပြေ ညှော်ရိပ်မွန်၊ ဦးအောင်မြင့် လူပျံတော် ပတ္တမြားနှင့် ဟုန်ရှင်းကုမ္ပဏီတို့က ငွေကျပ် ငါးသောင်းစီ အပါအဝင် အလှူရှင်များက အလှူတော် ငွေပေါင်း ငွေကျပ် ၇၉၄၉၆၄၀ ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တပ်မတော်(ကြည်း၊ ရေ၊လေ) အရာရှိကြီးများက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကိုယ်စား လက်ခံကြသည်။

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဖက်ပင်အိုင်စာသင်တိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာဘိဝံသက အနုမောဒနာတရားတော် ဟောကြားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် ညီ့ပရိသတ်တို့က လှူဒါန်မှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးမိသားစုဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာ ပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၇၉၃အိတ်၊ ဆီ ၃၅၂ပိဿာ၊ အိုင်အိုဒင်းဆား ၃၀၁၈ ပိဿာ၊ သွားတိုက်ဆားဘူး ၅၉၈ဘူး၊ ပဲ ၆၂၈ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၉၈၇၉ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ကျပ် ၇၉၄၉၆၄၀ ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် (ကြည်း၊ရေ၊လေ)တပ်မတော်အရာရှိကြီးများက သီလရှင်ဆရာကြီးများထံ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။

သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မဟာဘုမ္မာသက ဆွမ်းလောင်းပွဲ ပြည်မြို့၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင် တောရကျောင်းတိုက် ဦးစီးပဓာန နာယက၊ ကမ္ဘာ့ရွှေရင်အေး ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ ကြီးမှူးကျင်းပမည့် အကြိမ်(၁၀)မြောက် မဟာဘုမ္မာသက ဆွမ်းလောင်းပွဲတော်ကြီးကို ၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၉ ရက်၊ စက်တင်ဘာ ၂၂ ရက် နံနက် ၅ နာရီတွင် ပင့်သံဃာအပါး ၃၀၀ နှင့် သီလရှင်အပါး ၁၅၀ တို့အား ဆွမ်းဆန်တော်၊ ငွေပဒေသာပင်များနှင့်အတူ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ ဆရာတော်က ရေစက်ချတရား ဟောကြားမည်ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ရုပ်ဝေး၊ရုပ်နီး ရဟန်းရှင်လူ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ကုသိုလ် ပါဝင်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော် ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

၁၃၆၆ ခုနှစ် ဝါခေါင်လကွယ် နေ့၊ စက်တင်ဘာ ၁၃ရက်(တနင်္လာနေ့)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များ အပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၄ခုနှစ် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တပ်မဌာနချုပ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင်ဇနီး၊ တပ်မဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၀သင်းမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းလိုက်ဆုများနှင့် တစ်ဦးချင်းဆုရရှိသော ပြိုင်ပွဲဝင်များအား တပ်မမှူး ဗိုလ်မှူးကြီး လှဌေးဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ပထမရရှိသောအသင်းအား တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၄ (တနင်္လာနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	ဖြူးချောင်းတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Islands of Dhamma.
၈:၅၀	၁၀။	**ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် မြင်းခြံမြို့ထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း**
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၄၊ တာမွေ) အမျိုးသမီးဝတ်ရွတ်အဖွဲ့
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅	၆။	အကပဒေသာ
၅:၂၀	၇။	၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် မဟာဂီတ(အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊အမျိုးသမီး)
၅:၄၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊အကများ
၅:၅၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၅	၁၀။	Discovery.
၆:၁၀	၁၁။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၂၃)**
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	စက်မှုစွမ်းအားခေတ်ကျော်လွှားစပါး(၁) ရိတ်သိမ်းခြွေလှေ့စက်
၇:၁၅	၁၅။	မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) "သတ္တသတ္တာဟစံနေတော်မူခန်း" (ဣန္ဒြာဆွေ ရေးသားပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်)
၇:၃၅	၁၆။	ပေါင်းတည်မြတ်စွယ်တော် ပူဇော်ပွဲ
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၂၁)**
	၂၁။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

တကောင်း၌ ပျူခေတ်၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်း လေ့လာကြမည် တကောင်းဒေသကို ရှေးဟောင်းယဉ်ကျေးမှုဇုန်ကြီးအဖြစ် စတင်တည်ဆောက်ရန် စီစဉ်နေ

ရန်ကုန်   စက်တင်ဘာ   ၁၂

တကောင်းမြို့ဟောင်းကို ၂၀၀၃ ခုနှစ်ဆန်းမှစ၍ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပညာရှင်သုတေသီတို့ပူးပေါင်း၍ တူးဖော်ခဲ့ရာ ပျူခေတ်ဆိုင်ရာ အထောက်အထားများဖြစ်သည့် ပျူအရိုးအိုးများ၊ ပျူခေတ် မြေပန်းကန်၊ ရေတကောင်း၊ ရေခွက်များ၊ ပျူဒင်္ဂါးများ၊ လက်စင်းရာပါအုတ်ချပ်နှင့် လက်စင်းရာပါ အုတ်မြို့ရိုးများ၊ ပျူခေတ်သုံး မြေမီးဖုတ် ပုတီးစေ့၊ ရောင်စုံကျောက်ပုတီးစေ့အမျိုးမျိုး၊ အခြားပျူအသုံးအဆောင်ပစ္စည်းများ၊ ပျူခေတ် အဆောက်အအုံတို့၏ ပန္နက်ပုံနေရာများ၊ သံချက်ဖို ၃၀ကျော်၊ သံလက်စွပ်၊ လက်ကောက်၊ ဓား၊ လှံ၊ မြား၊ မိုန်းများ၊ ကြေးပစ္စည်းအမျိုးမျိုးဖြစ်သော ကြေးခြူ၊ ကြေးလက်ကောက်၊ ကြေးအိုးအဖုံး၊ ကြေးလက်နက်များ၊ ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်နှောင်း ကျောက်လက်နက်ပစ္စည်းများကို တကောင်းမြို့ဟောင်းနေရာ၌သာမက အနီးအနားရှိ ဆင်ညှပ်ကုန်း၊ ဖုန်ကုန်း၊ ဝါးရုံကုန်း၊ ပုတီးဖြူ၊ ကြံညှပ်၊ တွင်းငယ်၊ နတ်လှေကားအစရှိသော အရပ်ဒေသနေရာများမှပါ တွေ့ရှိခဲ့သည်။

တန်ဖိုးကြီးမား

၂၀၀၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း တကောင်းမြို့ဟောင်းကုန်းအမှတ်(TG-31)ကို တကောင်း အခြေခံပညာအထက်တန်းကျောင်းဝင်းအရှေ့တောင်ထောင့်တွင် တူးဖော်ရာမှ ကျင်းအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)နေရာတို့မှ ပျူအရိုးအိုး၊ ပျူရေတကောင်း၊ ရေအိုး၊ ရေခွက် ၆၄လုံးကို အစုလိုက်အပြုံလိုက်တွေ့ရှိရာ ယင်းပစ္စည်းများက တကောင်းဒေသ၌ ဟန်လင်း၊ ဗိဿနိုးအစရှိသော ပျူမြို့ကြီးများထက်နောက်မကျသောကာလက ပျူမြို့ပြနိုင်ငံကြီး ထွန်းကားခဲ့ကြောင်း အခိုင်အမာအထောက်အထားများကို ရရှိခဲ့သဖြင့် မြန်မာ့သမိုင်းနှင့် မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းအတွက် အလွန်တန်ဖိုးကြီးမားသော တွေ့ရှိမှုကြီးတစ်ရပ်ဖြစ်ခဲ့သည်။

လေ့လာကြမည်

တကောင်းမြို့ဟောင်း TG-31 နေရာမှ တွေ့ရှိရသော အရိုးအိုးများ၊ ရေတကောင်း၊ ရေခွက်၊ ညောင်ရေအိုး၊ ပန်းအိုးတို့သည် အရွယ်အစားအမျိုးမျိုးဖြစ်ရုံသာမက အိုးကိုယ်ထည်နှင့် အိုးလည်ရစ်များတွင် အစင်းခြစ်ရာအမျိုးမျိုး၊ မှန်ကူကွက်ပုံ၊ လှိုင်းတွန့်ပုံ၊ ပန်းနွယ်ပန်းခက်၊ မီးလျှံမီးညွှန့်ဒီဇိုင်းလက်ရာအမျိုးမျိုး၊ နေဝန်းထွက်ပုံ၊ နေခြည်ဖြာထွက်ပုံ၊ လူပုံ၊ နွားပုံ၊ ဆင်ပုံ၊ ဟင်္သာပုံ၊ ပန်းပွင့်အဖူး၊ အင်ပုံ၊ ဆွမ်းအုပ်ပုံ၊ တံဆိပ်နှိပ်အဆင်တန်ဆာများကိုလည်း တွေ့ရှိခဲ့ရုံသာမက အရိုးအိုးများအတွင်းမှ ကြေးဇွန်း၊ ကြေးပြားအဖုံး၊ ကြေးချူ၊ ကြေးလက်ကောက်၊ မိုးကြိုးသွားနှင့် ကြေးပစ္စည်းများ၊ ငွေလက်စွပ်၊ ရွှေပြား၊ သံလက်ကောက်၊ သံမိုန်း၊ သံမြား၊ သံဓား အတိုအရှည်၊ သံကွင်း သံပြားအမျိုးမျိုး၊ လုံတံအမျိုးမျိုးနှင့် အရိုးစများ၊ အရိုးပြာများ၊ မီးသွေးစများကို တွေ့ရှိခဲ့ရာ ထိုပစ္စည်းများ၏ ကာလအပိုင်းအခြားအတိအကျကို သိရှိရန်နှင့် အရပ်ဒီဇိုင်းများ၏ ယဉ်ကျေးမှုလက်ရာများကိုလေ့လာ၍ တကောင်းခေတ်ပျူတို့၏ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းရံ၊ ပန်းတော့၊ ပန်းထိမ်နှင့် ဗိသုကာလက်ရာ အဆင့်အတန်းများကို မှတ်တမ်းတင်ရန် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးဆောင်၍ ပညာရှင်များက သွားရောက်လေ့လာကြမည်ဖြစ်သည်။

ခန့်မှန်းဖော်ထုတ်မည်

အရိုးအိုးများပေါ်မှ တွေ့ရှိရသော ဒီဇိုင်းပုံများ၊ လူ၊ တိရစ္ဆာန်နှင့် ပန်းပွင့်ပန်းခက်များ၊ ကြေးချူများကို လေ့လာခြင်းဖြင့် တကောင်းခေတ် ပျူတို့၏ ပန်းချီနှင့်ဂီတကို အနီးစပ်ဆုံး ခန့်မှန်းဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်လျက်ရှိသည်။ ထို့ပြင်မှသာမက တွေ့ရှိရသော ရှေးဟောင်းပစ္စည်း အနုပညာလက်ရာများ မပျောက်မပျက်စေရန်နှင့် တာရှည်တည်တံ့စေရန်အတွက်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များက သွားရောက်ထိန်းသိမ်းထားရှိကြမည်ဖြစ်သည်။

အထူးသဖြင့် ပျူအရိုးအိုး အမှတ်(၁၄)အတွင်းမှ တွေ့ရှိရသော လူဦးခေါင်းခွံနှင့် အပြည့်အစုံနီးပါးမျှ ရရှိသော အရိုးများကို ကျွမ်းကျင်သူပညာရှင်များက လေ့လာ၍ ထိုခေတ်ကာလ ပျူလူမျိုးတို့၏ အရပ်အမောင်း၊ ကျန်းမာမှု၊ အနေအထိုင်၊ ဓလေ့စရိုက်တို့ကို စိတ်ဝင်စားဖွယ်ရာ ခန့်မှန်းဖော်ထုတ်ကြမည်ဟု သိရသည်။

ရှေးဟောင်းပြတိုက်

ယခုအခါ တကောင်းဒေသ ဝန်းကျင်ကို ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်၍ တကောင်းရှေးဟောင်း ဇုန်နယ်မြေကို ခံ့ညားထည်ဝါရုံသာမက ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန် ပန်းပဲဆရာကြီး ဦးတင့်တယ်၊ သူရဲကောင်း ပျူစောထီးတို့၏ပုံများဖြင့် တကောင်းမြို့ အဝင်မုခ်ဦးကို လှပစွာတည်ဆောက်၍ တကောင်း၌ ရှေးဟောင်းပြတိုက်ကြီးတစ်ခုကိုလည်း တည်ဆောက်မည်ဖြစ်သည်။ ထို့ပြင် ရှေးဟောင်း သုတေသနဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းထွန်းကားစေရန် ရည်မှန်း၍ တကောင်း၌ ဟိုတယ်များနှင့် အခြားလေ့လာစရာများကိုလည်း ထူထောင်တည်ဆောက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရှေးဟောင်း တကောင်းမြို့မှ ထပ်မံတွေ့ရှိရသော ပျူအရိုးအိုးများနှင့် ပျူရေတကောင်းများကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှူပ်ရှား ဥက္ကံဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန်   စက်တင်ဘာ   ၁၂

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဥက္ကံမြို့ရှိ ဦးမောင်ရုံ-ဒေါ်ရင် ဘိုးဘွားရိပ်သာ၌ကျင်းပရာ ရှေးဦးစွာ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ငွေပဒေသာပင်နှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီက ငွေကျပ် တစ်သိန်း၊ သုံးဆယ်မြို့နေ ဦးသိန်းရွှေ-ဒေါ်လှအေး မိသားစုက ငွေကျပ်တစ်သိန်း၊ အလှူရှင်များက ဆေးဝါးများနှင့် ဥက္ကံမြို့ ဘုရားကြီးရပ်နေ ဦးစိုးအောင်-ဒေါ်မြမြဝင်း၊ သမီး မစုညိမ်းဝေက မွေးနေ့ အလှူအတွက် တစ်နေ့တာ စားစရိတ် ငွေကျပ် တစ်သောင်း ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြပြီး ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းပိုက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကိုပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များနှင့် အလှူရှင်များသည် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။ (သတင်းစဉ်)

အလှူငွေ ပေးအပ်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း ဥက္ကံ ဘိုးဘွားရိပ်သာ ငွေပဒေသာပင် စိုက်ထူရန် အလှူငွေများပေးအပ်စဉ်။ (လူမှုဝန်ထမ်း)

မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန်   စက်တင်ဘာ   ၁၂

အသည်းအလှူရှင် မအေးအေးမွန် ဘာ့ကြောင့်အသည်းလှူခဲ့၊ ပြည်တွင်းထုတ်ထရပ်ကားများ ဒီဇိုင်းသစ်ပြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ကြပ်မတ်အရေးယူ၊ ထားဝယ်လေဆိပ် ဘိုးအင်းလေယာဉ်ကြီးများဆင်းသက်နိုင်မည်၊ ပုဂံနှင့်ဗန်ကောက်တိုက်ရိုက်လေကြောင်းခရီးစဉ် စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈)ကို ဖြန့်ချိလိုက်သည်။

ဟာသဇာတ်ကားများသာ ကြည့်ချင်ကြသည့် ကိုရီးယားများ၊ ကားပေါ်ကကော်ဖီဆိုင်၊ မွန်ဂိုးလီးယားသိုးတွေ ဂျာကင်ဝတ်စသည့် နိုင်ငံတကာစီးပွားရေးသတင်းများ၊ အပတ်စဉ်ပါနေကျ နိုင်ငံတကာပညာရေးမိတ်ဆက်၊ အားလပ်ရက်အပန်းဖြေအညွှန်း၊ နယ်စပ်နှင့် ကုန်စည်ဒိုင်စီးပွားရေး၊ ကုန်သွယ်ရေးသတင်းများကိုပါ ထည့်သွင်းထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ဇာတ်ညွှန်းများ (အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသ) (ပထမနှစ်)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၂၆)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား" (ဒုတိယတွဲ အပိုင်း-၁၄)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ မဟာမဲခေါင်ဒေသခွဲနိုင်ငံများအစည်းအဝေး တက်ရောက်ခဲ့

ရန်ကုန် စက်တင်ဘာ ၁၂

မဟာမဲခေါင်ဒေသတွင်းရှိ နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြေခံအဆောက်အအုံများ ပူးပေါင်းအကောင်အထည်ဖော်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့် ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိကျင်းပသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိက အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အစည်းအဝေး ကျင်းပသည့် စက်တင်ဘာ ၁၀ ရက်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Suwat Liptaparlop က ကြိုဆိုနှုတ်ဆက်မိန့်ခွန်းပြောကြားခဲ့ပြီး GMS Business Forum ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယဥက္ကဋ္ဌ Mr. Liqun Jin တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ယူနန်ပြည်နယ်)၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အသီးသီးတို့က ဆွေးနွေးပြောကြားကြသည်။

အစည်းအဝေးကျင်းပရာ Inter Continental Hotel ၌ မြန်မာနိုင်ငံအနေဖြင့် ပြခန်းပါဝင်ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့်ပုဂ္ဂလိက အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့်ပုဂ္ဂလိက အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံပြခန်းပါဝင် ခင်းကျင်းပြသသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်များစစ်ဆေးမှုကို လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် စက်တင်ဘာ ၁၂

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးသိုက်ထွန်းနှင့် ဦးခင်မောင်၊ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံးဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့်ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကိုလိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များနှင့် စစ်ဆေးရေးအဖွဲ့ဝင်များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာမှုကို စစ်ဆေးနေကြစဉ်။ (သတင်းစဉ်)

အက်ဖ်အမ်အိုင် ကုမ္ပဏီလီမိတက် နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၂

First Myanmar Investment Co., Ltd. (FMI Co., Ltd)၏ ၂၀၀၃-၂၀၀၄ခုနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ FMI Co., Ltd မှ ဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ Serge Pun & Associates (Myanmar) Ltd.(SPA Myanmar Ltd.)၏ Chief Executive Officer, Mr. Martin Pun၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ FMI Co., Ltd. ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား) က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် FMI Co., Ltd. ဥက္ကဋ္ဌ ဦးလှကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Managing Agent ဦးသိမ်းဝေကကုမ္ပဏီ၏ လုပ်ငန်းအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကာ အစုရှယ်ယာရှင်များ၏ ဆွေးနွေးမေးမြန်း အကြံပြုချက်များကို ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ၂၀၀၃-၂၀၀၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့်နှစ်ပတ်လည် အစီရင်ခံစာကို အတည်ပြုကြပြီး ၂၀၀၄-၂၀၀၅ ခုနှစ် အမှုဆောင် ဒါရိုက်တာများကို ရွေးချယ်ကာ Managing Agent ဦးသိမ်းဝေအား ဥက္ကဋ္ဌအဖြစ်ခန့်အပ်သည်။

ထို့နောက် သဘာပတိဗိုလ်မှူးကြီးဝင်းမောင်(အငြိမ်းစား)က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

FMI Co., Ltd သည် ရိုးမဘဏ်လီမိတက်၊ FMI Garden Development Limited၊ FMI Syndication Limited၊ SPA Motors၊ SPA Motorcycle Limited၊Myanmar Nissan Co., Ltd၊ Myanmar Suzuki Motor Co., Ltd ၊ Pun Hlaing International Hospital Limited စသည့်ကုမ္ပဏီ ၁၄ခုတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

First Myanmar Investment Co,Ltd (FMI Co, Ltd) **၏ ၂၀၀၃-၂၀၀၄ ခုနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင်** Managing Agent **ဦးသိမ်းဝေက ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၁၂-၉-၂၀၀၄)

ရန်ကုန်မြို့လယ်

၁ ဒသမ ၀၇ လက်မ

မင်္ဂလာဒုံ

၀ ဒသမ ၉၀ လက်မ

ကမ္ဘာအေး

၀ ဒသမ ၆၇ လက်မ

✱ ကိုယ်ပိုင်အမျိုးသားမူဟန်မှ

ရည်ရွယ်ချက်(၆)ရပ် ချမှတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလာခဲ့သည်မှာ ယခု ဒွါဒသမအကြိမ်(၁၂ကြိမ်) ရှိသွားပြီဖြစ်ကြောင်း၊ ချမှတ်ထားသည့်ရည်ရွယ်ချက်များအောင်မြင်အောင် မိမိတို့တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်ခွင့်ပြုထားသည့်ပြိုင်ပွဲများတွင် မြန်မာတို့၏ ကိုယ်ပိုင်အမျိုးသားမူဟန်များကို ပိုမိုအလေးထားဖန်တီးယှဉ်ပြိုင်ကြရေး ကြပ်မတ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊မြန်မာအကပညာစစ်စစ်၏ အဆီအနှစ်ဂုဏ်ရည်များပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် ဝါရင့်၊ သမ္မာရင့် အနုပညာရှင်ကြီးများက ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်း။

အားကြိုးမာန်တက်

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်များကလည်း မိမိတို့ လေ့လာဆည်းပူးထားသည့် အနုပညာကို မြန်မာမှုမြန်မာဟန်မပျက်စေဘဲအားကြိုးမာန်တက် အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များကလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အနုပညာအရည်အသွေးကို မှန်မှန်ကန်ကန်မျှမျှတတ မှတ်ကျောက်တင် အကဲဖြတ်ပေးကြရန်လိုကြောင်း။

လက်ဆင့်ကမ်း

အထူးသဖြင့် ရန်ကုန်တိုင်းကိုယ်စားပြု အနုပညာရှင်များအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးတွင်အဆင့်မြင့်မြင့် အရည်အချင်းပြည့်မီစွာ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ ရွက်ပုန်းသီး အနုပညာရှင်များကို ဖော်ထုတ်ပြီး ဝါရင့်အနုပညာရှင်ကြီးများက အနုပညာအမွေလက်ဆင့်ကမ်းနိုင်ရေး၊ အခြေခံအဆင့်မှစ၍ မျိုးဆက်သစ်အနုပညာရှင်ကလေးများပေါ်ထွက်လာစေရေး၊ မြန်မာတို့၏ သမိုင်းကြောင်း အစဉ်အလာခမ်းနားထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်းခိုင်ခံ့မြင့်မားမှု၊ နက်ရှိုင်းသိမ်မွေ့သည့် အနုသုခုမပညာရပ်များနှင့် ပြည့်စုံကြွယ်ဝမှုဂုဏ်ရည်များကို ပြန်လည်ဖော်ထုတ်ရင်း အမျိုးသားရေး ကိုယ်ခံစွမ်းအားများ အခိုင်အမာ ပြန်လည်တည်ဆောက်ပေးနိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သဖြင့် ရန်ကုန်တိုင်းအဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြရေး အမှာစကားပြောကြားသည်။

ယင်းနောက်ဖျော်ဖြေမှု အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရွှေတံဆိပ်ဆုရှင် မအေးနန္ဒီခိုင်က အကဖြင့်လည်းကောင်း၊ ရွှေပြည်သိင်္ဂါ ရုပ်စုံသဘင်အဖွဲ့မှ မင်းသား ပန်တျာနန်းမင်းအောင်၊ မင်းသမီး ခေတ္တရာတမာချိုတို့က အောင်မင်္ဂလာသီချင်းကြီးကို သီဆို၍ တော်ဝင်ရုပ်စုံသဘင် အဖွဲ့မှ မဝင်းပပနှင့် မမေသူဝင်းတို့က ရုပ်သေးနှစ်ပါးသွား အကဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူကလေးများက အပျိုတော်ယိမ်းအကဖြင့် လည်းကောင်း၊ ရွှေတံဆိပ်(၁၂)ဆုရှင် သီရိမောင်မောင်၏ မင်္ဂလာဆိုင်းအဖွဲ့က မြန်မာ့ရိုးရာဆိုင်းဝိုင်းဖြင့်လည်းကောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ရွှေတံဆိပ်ဆုရှင် ကျောင်းသူကလေးများက လသာရတနာတီးဝိုင်းနှင့်တွဲဖက်၍ အောင်စေပိုင်စေ သီချင်းဖြင့်လည်းကောင်း သီဆိုကပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က သီဆို ကပြ တီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပညာရှင်အဆင့်နှင့် ဝါသနာရှင်အဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး အဆိုပြိုင်ပွဲတွင် ၉၀ဦး၊ အကပြိုင်ပွဲတွင် ၃၁ဦး၊ အရေးပြိုင်ပွဲတွင် ၁၉ဦးနှင့် အတီးပြိုင်ပွဲတွင် ၁၉၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို ယနေ့မှ စက်တင်ဘာ ၁၄ရက်အထိ ကျိုက္ကဆံကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။

(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။

(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီး အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီး အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အလှူငွေပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့နာယက ဒေါ်ခင်သက်ဌေးတို့က ပြိုင်ပွဲကျင်းပရန်အတွက် ALPINE သောက်ရေသန့်က လှူဒါန်းသော အလှူငွေကျပ် ၂၅သိန်းကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ပွဲဦးထွက်ပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲသို့ အသင်းခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး (က)အုပ်စုတွင် စက်မှု(၁)၊ အား/ကာသိပ္ပံ၊ မာကျူရီ၊ (ခ) အုပ်စုတွင် ပို့ဆောင်ရေး၊ ဒေါ်ပုံ၊ ကာကွယ်ရေးအသင်းတို့ ပါဝင်ကြသည်။

ဆုကြေးများအဖြစ် ပထမ ကျပ် ၁၀သိန်း၊ ဒုတိယ ကျပ်ငါးသိန်းနှင့် နေရာအလိုက် အကောင်းဆုံးဆု ကျပ်နှစ်သောင်းစီ၊ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ကျပ်ငါးထောင်စီ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ (ကြေးမုံ)

ပညာရတနာစာကြည့်တိုက် ဒေးဒရဲမြို့နယ်တွင်ဖွင့်

ရန်ကုန် စက်တင်ဘာ ၁၂

ဒေးဒရဲမြို့နယ် မော်ဘီကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ယဉ်မူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘိုဆယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ရန်ကုန်မြို့မှ အလှူရှင်များက ပေးပို့ထားသည့် ဗလာစာအုပ်များ၊ ဘောလ်ပင်၊ ပေတံများကို ချို့တဲ့ကျောင်းသား၊ ကျောင်းသူ ၁၀ဦးအတွက် ပေးအပ်လှူဒါန်းခဲ့သည်။ (က-ပ)

စေတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၅)ရပ်ကွက် စေတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးတင်ကို၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်စန်းနှင့် စေတနာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(က-ပ)

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင် သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်–

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။

(၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။

(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။

(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်–

(က) မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ။

(ခ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဂ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) တောင်ကြီးမြို့ သံလွင်ခန်းမ။

(င) မော်လမြိုင်မြို့ ရွှေနတ်တောင် တပ်မတော် အထက။

(စ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဆ) စစ်တွေမြို့ ဗန္ဓုလခန်းမ။

(ဇ) မုံရွာမြို့ အထက(၂) အလုံ၊ တပ်မတော်ကျောင်း။

(ဈ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။

(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။

(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း– ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက(၂)၊ မင်္ဂလာဒုံ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက (၂)၊ မင်္ဂလာဒုံ။

(ဋ) ပုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ– တိုင်းစစ်ဌာနချုပ်ခန်းမ။

(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း– တပ်နယ်အားကစားရုံ။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် – တိုင်းစစ်ဌာနချုပ်ခန်းမ။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်

(ကက) ခုံအမှတ်(၁)မှ (၁၄၀၀)အထိ– အထက(၁၈)၊ နန်းတွင်း။

(ခခ) ခုံအမှတ်(၁၄၀၁)မှနောက်ပိုင်း – အမက(၆)၊ နန်းတွင်း။

(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် –အထက(၁၈)၊ နန်းတွင်း။

(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် – အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှု နိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အလှူရှင်များဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် ကျပ်တစ်သောင်းနှင့်အထက် အလှူရှင်များအား (၂၂)ကြိမ်မြောက် ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယခု (၂၂)ကြိမ်မြောက်တွင် ၂၀၀၃ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ အပေါ်ထပ်(ဓမ္မာရုံ)သို့ ကြွရောက်ပါရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

တာမွေမြို့နယ် ၁၅၆လမ်း၊ အမှတ်(၂၇) အခန်း(၃)နေ မိခင်ကြီး ဒေါ်စန်းရီအား အမှူးထား၍ ဦးမြင့်ဌေး၊ ဒေါ်ဇင်မာလွင် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ် တည်ဆောက်ရန် ငွေကျပ် ၁၅၀၀၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ဩဂုတ် ၂၄ရက် က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

စက်တင်ဘာ ၆ရက်က (၁၀၈) ကြိမ်မြောက် မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး ဆွမ်းဆန်တော် အလှူပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အောက်မြန်မာပြည်တာဝန်ခံ ဦးဝင်းဆွေထံ သာကေတမြို့နယ် မလွန်ဆန်လှူအသင်းထောက်အဖွဲ့ ဥက္ကဋ္ဌ ဦးရွှေနှင့် အသင်းသားများက အလှူငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၆၁) ဗဟိုလမ်း လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးကြီးမြင့်-ဒေါ်ခင်လှ သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၀၀၀၀၀ကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ စက်တင်ဘာ ၄ရက်က လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းနိုင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကုန်သည်/ စက်မှုအသင်းချုပ် အတွင်းရေးမှူးနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Grain Bureau မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Huang Xian Yang ခေါင်းဆောင်၍ Guangxi Grain Association of China နှင့် China Nauruan Entrepreneur Association မှ အဖွဲ့ဝင်ကိုးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာများနှင့် လုပ်ထုံးလုပ်နည်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်း ကိစ္စ၊ Guangxi ပြည်နယ် Nanning မြို့၌ နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် China ASEAN EXPO သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသတက်ရောက်ရေး ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

မုန်တိုင်းငယ် အားပျော့ပျက်ပြယ်

ရန်ကုန် စက်တင်ဘာ ၁၂

ယနေ့ နံနက် မြန်မာ စံတော်ချိန် ဝ၆:၃ဝနာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ယမန်နေ့ညဦးပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (စစ်တကောင်း)မြို့နှင့် မြန်မာနိုင်ငံ (မောင်တော)မြို့အကြားမှ ကမ်းခြေကို ဝင်ရောက်ကာ အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်မြို့တွင် စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် စက်တင်ဘာ ၁၂

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့နံနက် ဝ၆:၃ဝ နာရီအချိန်၌ စိုးရိမ်ရေမှတ်အထက်တွင် ၃၅စင်တီမီတာ(တစ်ပေ)ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။



နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၇ ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၇ကို ယနေ့ (တနင်္လာနေ့) ဖြန့်ချိလိုက်ပြီဖြစ်သည်။

(ယာပုံ)

"မိဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရုရှား၏ အဆိုးရွားဆုံးအကြမ်းဖက်မှု၊ ဗုံးခွဲတိုက်ခိုက်ခံရသော ဩစတြေးလျသံရုံး၊ ဘူရွန်ဒီနိုင်ငံအကြောင်း သိကောင်းစရာ၊ ဘာလီဗုံးခွဲသူ၏ အတ္ထုပ္ပတ္တိစာအုပ်၊ ပျက်စီးသွားသည့် ဂျင်နစစ် အာကာသယာဉ်၊ ရာဇဝတ်ဘေး ပြေးမလွတ်ပုံကို ဖော်ညွှန်းသော လူသတ်သမားတစ်ဦးအကြောင်း၊ နီပေါနိုင်ငံရေးအခြေအနေ၊ အာရှနှင့် အဏ္ဏဝါမြူစွမ်းအင်လုပ်ငန်း၊ အလာစကာပြည်နယ်တွင် ရေနံတူးလိုသည့် ဘုရှ်၊ ဘရူနိုင်း အိမ်ရှေ့မင်းသား၏ လက်ထပ်ပွဲ၊ နှလုံးခွဲစိတ်ကုသမှုခံယူသည့် ကလင်တန်၊ တောင်ကိုရီးယားနှင့် ပလူတိုနီယမ်၊ နိုင်ငံတကာဟာသ၊ ဆုငွေထုတ်ခံရသော ချေချင်းအကြမ်းဖက်ခေါင်းဆောင် နှစ်ဦး၊ ကမ္ဘာ့ရေနံဈေးနှုန်း အခြေအနေ၊ တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်သည့် ရုရှား၊ တောင်ကိုရီးယား မြို့တော်သစ်၊ ဟိုက်ဒြိုဂျင်ကားဈေးကွက်နှင့် တရုတ်ပြည်စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို စေ့စေ့ဆာဆာတင်ပြထားသည်။ (က-ပ)

အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် စက်တင်ဘာ ၄ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အမက(၂၉)တွင် ဦးအောင်မွန်-ဒေါ်သန်းသန်းဝေတို့၏သား မောင်တာရာအောင်မွန်၏ မွေးနေ့အလှူ အုန်းနို့ခေါက်ဆွဲအာဟာရကို ကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်နှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

အာဟာရတိုက်ကျွေး

အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် စက်တင်ဘာ ၁၀ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က သဃ်္ဃန်းကျွန်း အ-မ-က (၈) ကျောင်း၌ ကျောင်းသူ၊ ကျောင်းသား ၇၀၀ကျော်အား ကြက်သားဆန်ပြုတ် အာဟာရ တိုက်ကျွေးစဉ်။ (၅၀၆)



ကျေးလက်ဒေသ စက်ရေတွင်းများ လှူဒါန်းနိုင်

မန္တလေး စက်တင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း၊ စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း- ၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၄ ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးမြင့်ဇော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးနေမျိုးတို့ ဦးဆောင်ပြီး ဘုရင့်နောင်ကုန်းမြေ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများအား အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

"လမ်းဖြကြယ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပုလဲ စက်တင်ဘာ ၅

မုံရွာခရိုင် ပုလဲမြို့နယ် စေတီယံအုပ်စု သေတ္တာရာကျေးရွာ "လမ်းပြကြယ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြကြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးမှူး ဦးငြိမ်းမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၂) ဦးမြကြီးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးမှူး ဦးငြိမ်းမောင်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနက စာအုပ် ၅၀ နှင့် ကျေးရွာအလှူရှင်များက စာအုပ် ၂၀၀ ကို လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ ပျိုးထောင်စိုက်ပျိုး

ရေတာရှည် စက်တင်ဘာ ၉

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် အဖိုးတန်ကျွန်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်နိုင်ရန် ပျိုးဥယျာဉ်များ တည်ထောင်ခြင်းကို မြို့နယ်သစ်တောဦးစီးမှူး ဦးဥက္ကာနှင့်သစ်တောဦးစီးဌာနဝန်ထမ်းများက သစ်တောကြိုးဝိုင်းများအတွင်းနှင့် ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများတွင် ဇူလိုင် သစ်ပင်စိုက်ပျိုးရေး ရာသီတစ်လျှောက် စဉ်ဆက်မပြတ် ကွင်းဆင်း၍ လူထုလှုပ်ရှားမှုဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျွန်းပင်၇၂၀၅၀၀၊ ပျဉ်းကတိုးပင် ၄၅၀၀၊ ပိတောက်ပင် ၁၅၀၀၊ သစ်ဆိမ့်ပင် ၃၀၀၀၀၊ ယူကလစ်ပင် ၆၀၀၀၀၀ နှင့် အခြားအပင်မျိုးစုံ ၂၀၅၀၀ ပင်တို့ကို စိုက်ပျိုးထားပြီး ဖြစ်ထွန်းအောင်မြင်လျက် ရှိကြောင်း သိရသည်။ (၁၄၁)

ဩဂုတ် ၂၄ ရက်က မြောင်းမြမြို့နယ် ခနုံးချောင်း၊ အုန်းတပင်၊ စစ်တပင်၊ ရွာသစ်ကျေးရွာခွဲများနှင့်ကြာထော်ကျေးရွာရှိ "ပညာရွှေအိုး" စာကြည့်တိုက်ကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

လမ်းပေါက်များ ပြုပြင်ဆောင်ရွက်

ဒေးဒရဲ စက်တင်ဘာ ၇

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စက်တင်ဘာ ၂ ရက်က ဒေးဒရဲမြို့ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းရှိ လမ်းပေါက်များအား ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

စက်ရေတွင်းများ ပြုပြင်ရေး သင်တန်းဖွင့်

ပျော်ဘွယ် စက်တင်ဘာ ၃

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၁၀ နှစ် စီမံကိန်းရေးဆွဲခြင်း (၂၀၀၀-၂၀၀၁) ခုနှစ်မှ စတင်ကာ ကျေးရွာ ၁၁၂ ရွာတွင် ရေတွင်း ၁၃၇ တွင်း တူးဖော်ပေးခဲ့ပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် စက်ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းကိုင်တွယ်ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်းအတွက် ပညာပေးရက်တိုသင်တန်းကို ဩဂုတ် ၂၉ ရက်က သင်တန်းသား ၂၁ ဦးတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် သင်တန်းပေးခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်နှင့် အင်ဂျင်နီယာများက စက်ရေတွင်းများနှင့် ပတ်သက်၍ စာတွေ့လက်တွေ့ ပို့ချဆွေးနွေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဩဂုတ် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် မြဝတီမြို့နယ် သဃ်္ဃန်းညီနောင်ရှိ စစ်သည်မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ဦးစီးဌာနမှူး ဦးစောချစ်သန်း၊ ခရိုင်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့် ဗိုလ်မှူးကျော်ဇေယျတို့က ကူညီပံ့ပိုးဆောင်ရွက်ပေးစဉ်။ (က-ပ)

သီတာရုံကျောင်းတိုက် ၁၀ရက် တရားစခန်း

ရေကြည် စက်တင်ဘာ ၆

ရေကြည်မြို့ နေဝင်းရပ်ကွက် သီတာရုံကျောင်းတိုက် (ဆား+စိုးဓမ္မာရုံကြီး)၌ (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၉ ရက်အထိ သီတာရုံ ဆရာတော် ဘဒ္ဒန္တ သုဓမ္မိဿရ ဦးစီး၍ ကျင်းပသွားမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ဓမ္မကထိကများဖြစ်ကြသော ဘဒ္ဒန္တ နန္ဒိယ(ရှားခဲ)၊ ဘဒ္ဒန္တ ဇနိဿရ(နဂါကုန်း)၊ ဘဒ္ဒန္တ ဂုဏာလင်္ကာရ(ဟင်္သာတ)၊ ဘဒ္ဒန္တ ဟိတစာရ(ဒီပါရုံ)နှင့် ဓမ္မဝန်ဆောင် ဆရာဦးတင်သိန်းတို့က တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ **(က-ပ)**

မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုဝင်သားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပရာ ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ မောင်ဝင်းနိုင်စိုးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်စဉ်။ (၂၆၄)

မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

တာချီလိတ် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့ အခြေခံအထက်တန်းကျောင်း ခန်းမတွင် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာသင်နှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ ခုနှစ်၏ ပညာရည်ဆုပေးပွဲ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာ ခရိုင်နှင့် မြို့နယ်အဆင့် အရာရှိများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြပြီး တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးတူးမောင်တို့က အမှာစကား ပြောကြားကြသည်။ (၂၃၉)

သဘာဝဝန်းကျင် ထိန်းသိမ်းရေး ဟောပြော

မင်းလှ စက်တင်ဘာ ၆

သဘာဝဝန်းကျင် ထိန်းသိမ်းရေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က ပဲခူးတိုင်း (အနောက်) မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးမြင့်ဟန်က သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိမှတ်စရာများနှင့် သစ်တောကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ဩဂုတ် ၂၅ ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများက မြို့မဈေးရှေ့ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းအေးက ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်/စည်ပင်)

ကျေးလက် ရေတွင်းနှင့် စက်ပစ္စည်းများ ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲ ခင်ဦးတွင် ကျင်းပ

ခင်ဦး စက်တင်ဘာ ၅

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် စည်ပင်ရုံးတွင် ဩဂုတ် ၂၄ ရက်က ကျေးလက် ရေတွင်းနှင့် စက်ပစ္စည်းများ ထိန်းသိမ်းရေးပညာပေး ဆွေးနွေးပွဲ ကျင်းပရာ တိုင်းစည်ပင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းက ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်က ရေတွင်းနှင့် စက်ပစ္စည်းများ ထိန်းသိမ်းသည့် နည်းလမ်းများကို ပညာပေးဆွေးနွေးကြသည်။

ခင်ဦးစည်ပင်အနေဖြင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအား ၁၀ နှစ်စီမံချက် ရေးဆွဲ၍ ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ခုနှစ်ထိ စည်ပင်မှ ငွေကျပ် ၆ ဒသမ ၅၈၄ သန်း၊ အလှူရှင်မှ ငွေကျပ်ကိုးသန်း၊ နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၄ ဒသမ ၈၀၂ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၇ ဒသမ ၃ သန်း စုစုပေါင်း ငွေကျပ် ၂၇ ဒသမ ၆၈၆ သန်းဖြင့် ကျေးရွာ ၅၁ ရွာတွင် ရေတွင်း ၅၉ တွင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ (မြို့နယ်ပြန်/ဆက်)

ဘဒ္ဒန္တ ဝေပုလ္လ မွေးနေ့ ဝိဇာတအလှူတော်မင်္ဂလာ ကျင်းပ ပဲခူးတိုင်း (အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်

ပြည် စက်တင်ဘာ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်သော ပဲခူးတိုင်း သံဃနာယက ဒုတိယဥက္ကဋ္ဌ (မဟာ သဒ္ဓမ္မ ဇောတိကဓဇ) ဘဒ္ဒန္တ ဝေပုလ္လဆရာတော်၏ သက်တော်(၆၁) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက စိန္တာမယသိဒ္ဓိ ဗိမ္မာန်တော်ကြီးတွင် ကျင်းပရာ ဆရာတော်၊ သံဃာတော်၁၀၈ ပါး ကြွရောက်တော်မူပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းနှင့် အဖွဲ့ဝင်များ၊တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် သက်တော်ရှည် ဆရာတော်ကြီး ငါးပါးအား ပဲခူးတိုင်း သံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းရာ ကြည်ဖြူအေးရိပ်သာ ကျောင်းတိုက် ခမ္ဘရိပ်သာ၊ ခေတ္တရာလှူငယ်များ သာရေး၊ နာရေး အသင်းနှင့် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက်တို့အတွက် အလှူငွေကျပ်သုံးသိန်းစီကိုလည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် မိသားစုတို့က နန်းမြင့်ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ ရန်ကုန်မြို့ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်နှင့် မိသားစုတို့က အလှူငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းက လက်ခံရယူသည်။ **(၄၉၇)**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က ဖားကန့်မြို့ ဥရုရတနာဧည့်ရိပ်သာတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေက စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်စဉ်။ (၅၃၈)

ကျေးလက်ရေပေးရေး ကွင်းဆင်းဆောင်ရွက်

မိုးညှင်း စက်တင်ဘာ ၃

မိုးညှင်းမြို့နယ် ပင်သာကျေးရွာတွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် ဩဂုတ် ၂၇ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့သည် ကျေးရွာလူကြီးများနှင့်အတူ ရေပေးရေးလုပ်ငန်း ဆောင်ရွက်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဝါးဘလောက်သောက်ကျေးရွာ၌ စာကြည့်တိုက်ဖွင့် စေတနာရှင်များက စာအုပ်များ လှူဒါန်း

ကော့မှူး စက်တင်ဘာ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ လောကပြတင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် တည်ရှိရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဦးစံသိန်းက စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ စေတနာရှင်များက စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့မှ စာရေးဆရာ ချစ်ဦးညို၊ ရန်ကုန်မြို့ (၃၂)လမ်း ဘောဂဝတီ စာပုံနှိပ်တိုက်ပိုင်ရှင် ဦးဝင်းမြင့်နှင့် စံပယ်ဖြူမဂ္ဂဇင်းတိုက်တို့ကလည်း စာအုပ်များပေးပို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးရွာအုပ်စုများ၌ စက်တင်ဘာလကုန်တွင်လည်းကောင်း၊ ကျေးရွာခွဲများတွင် ဒီဇင်ဘာလကုန်တွင်လည်းကောင်း အပြီးဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

မန္တလေး၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်

မန္တလေး ဩဂုတ် ၃၁

(၁၂)ကြိမ်မြောက်မန္တလေး အောင်မြေသာစံမြို့နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက အနိုပ်တော်ရပ် ပန်တျာကဇာတ်ရုံတွင် ပြုလုပ်သည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌက စည်းကမ်းချက်များရှင်းပြပြီး ပြိုင်ပွဲများကို ငါးနေရာခွဲ၍ နေ့ချင်းပြီး ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲ ၃ နာရီတွင် ကျင်းပရာ ဆုရရှိသူများကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ မြို့နယ်အဆင့် ပြိုင်ပွဲ ဆုရရှိသူများကို ခရိုင်/တိုင်း/နိုင်ငံတော်အဆင့်အထိ ပါဝင်နိုင်ရေးအတွက် လေ့ကျင့်ပေးမည်ဖြစ်သည်။ **(၃၈၇)**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကလေး စက်တင်ဘာ ၂

ကလေးမြို့ အေးရိပ်မွန် အမျိုးသမီး စောင့်ရှောက်ရေးဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း ပေ ၅၀၀ တူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ်၂၄ရက်က ဆောင်ရွက်သည်။

အဆိုပါပြည်သူ့အကျိုးပြုလုပ်ငန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေထွန်းဦး၊ ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဘစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွှန့်၊ ဒုတိယဦးစီးမှူး ဦးတင်မြင့်ဦး၊ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးဇော်ဝေ၊ အကျဉ်းဦးစီးဌာနမှ ထောင်မှူး ဦးဝင်းမြင့်တို့က ဦးဆောင်ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၂၇ ရက်က မြဝတီမြို့ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက်ရှိ ပလက်ဖောင်းနှင့် လမ်းလယ်ကျွန်းများ ပြုပြင်ဆေးသုတ်နေမှုအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြို့နယ် သတင်းများ

Yan Aung
ကားအမျိုးမျိုးငှားနိုင်ပါသည်။
(၂၄-နာရီဝန်ဆောင်မှု)
☎ 256790, 380291

REAL JOY
HIACE, TOWNACE, SALOON
☎ 09-50-18349, 294089, 203678

ဦးရာလူရောင်းမည်
အသင့်အသုံးပြုနိုင်သော Tay Lor Made 580 x D (P330) လျှော့ဈေးဖြင့် ရောင်းမည်။
၁၇၃/အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။ဖုန်း-၅၁၈၅၁၇၊ ၀၉၅၀၁၇၄၁၅။

အမြန်ရောင်းမည်
၃၈'X၅၀' 9 Floor (Sea Green Tower) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်။
ဖုန်း-၇၁၀၀၇၆။

National နေရှင်နယ်လျှပ်စစ်ပစ္စည်းများ



Showroom (2) ဖွင့်လှစ်ခြင်း
"အထူးလျှော့ဈေး"

1 KVA
2 KVA
3 KVA
5 KVA
10 KVA
15 KVA

YANDAYAR TRADING CO. LTD,.
Showroom (1) -
Showroom (2) - No.007, Yuzana Business Centre,
Ph : 502313 / 247701

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။	ထုတ်လုပ်ရေးမှူး	ကျား	(၁)ဦး
	B.E/ A.G.T.I (Mechanical) ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံ (၅)နှစ်ရှိရမည်။		
၂။	ကြီးကြပ်ရေးမှူး	"	(၁)ဦး
	စက်မှုလုပ်ငန်း အတွေ့အကြုံ (၃)နှစ်ရှိရမည်။		
၃။	စက်ဆောင်း/စက်ပြင်	ကျား	(၄)ဦး
	A.G.T.I (Mechanical) စက်ပြင် အတွေ့အကြုံ (၃)နှစ်ရှိရမည်။		
၄။	[illegible]	ကျား	(၄)ဦး
	[illegible] အတွေ့အကြုံ (၃)နှစ် [illegible]		
၅။	ကွန်ပျူတာကျွမ်းကျင်	ကျား/မ	(၁)ဦး
	Word, Excel, Access ကျွမ်းကျင်ရမည်။		
၆။	[illegible]	ကျား	(၄)ဦး
	(၁၀)တန်းအောင်၊ [illegible]		

[illegible]
DAW YONE Co., Ltd. အမှတ် (၁၁၀)၊ [illegible] (၂)၊ [illegible] Ph: 684550,684551

ပါရမီရှင် အသင့်မြင့်ခရီးသွားလုပ်ငန်း

Sept 27,28

Aircon Bus, Hotel, Restaurant, Medical Care, Guide Service

☎ 545114, 709716

မွေးနေ့ဆုမွန်လွှာ

၁၃-၉-၂၀၀၄ ရက်နေ့တွင် ကျရောက်သော ချစ်သားကြီး မောင်ကြည်စင်ဝင်းမောင် (PRE II, ILBC)၏ (၅)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အေးချမ်းသာယာ ပျော်ရွှင်သော ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ - ဦးဝင်းမောင်
မေမေ - ဒေါ်ဝေမီအောင်
ညီညီ - ရှင်းသန့်ဝင်းမောင်။

ပြည်ထောင်စုမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်-၄၂၂/၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
(၁၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားစာ

၁။ပြည်ထောင်စုမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ (၁၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်၊ သောကြာနေ့။
ကျင်းပမည့်အချိန် - နံနက် (၀၉:၀၀)နာရီ
ကျင်းပမည့်နေရာ - တော်ဝင်ခန်းမ၊ သစ်တောဦးစီးဌာန(ရုံးချုပ်)၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ အင်းစိန်၊ ရန်ကုန်မြို့။

၂။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်မည်ဖြစ်ပါ၍ အစုရှယ်ယာစောင်ရေ (၂၀)နှင့် အထက် ဝယ်ယူပြီးသူ "ခ" အစုရှယ်ယာရှင်များအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုပါက ဥက္ကဋ္ဌထံ လိပ်မူ၍ (၃၀-၉-၂၀၀၄)ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထားပြီး အဆိုပြုလွှာများပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်လိုပါက စာဖြင့်ရေးသား၍ (၃၀-၉-၂၀၀၄)ရက်နေ့ (၁၆:၃၀)နာရီနောက်ဆုံးထားပြီး အထက်ပါလိပ်စာသို့ ပေးပို့ကြပါရန်နှင့် အစည်းအဝေးကြီးတွင် နှုတ်ဖြင့်မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးတင်ပြခြင်းများကို ခွင့်ပြုမည် မဟုတ်ပါကြောင်း ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေး အပ်ပါသည်။ (၃၀-၉-၂၀၀၄)ရက်နေ့ နောက်ပိုင်းရောက်ရှိလာသည့် မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၄။ အစည်းအဝေးကြီးသို့ တက်ရောက်လာသည့်အခါ မိမိ၏ အစုရှယ်ယာလက်မှတ်(သို့မဟုတ်) အစုရှယ်ယာအတွက် ငွေရပြေစာမူရင်းကို တစ်ပါတည်း ယူဆောင်လာကြရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

၅။ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင်တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထား တက်ရောက်စေနိုင်ပါသည်။

၆။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာနှင့် နှစ်ပတ်လည်အစီရင်ခံစာကို ပေးပို့လျက်ရှိပါသည်။ မရရှိပါက သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း(ရုံးချုပ်)သို့ လာရောက်ထုတ်ယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့။

ရက်စွဲ၊ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ (၆)ရက်။

တစ်ဦးတည်းသောချစ်သားလေး
အောင်ရဲရင့်ဦးအတွက် မွေးနေ့ဆုတောင်း

၁၃-၉-၂၀၀၄ရက်နေ့တွင် ကျရောက်သော ချစ်သားလေး အောင်ရဲရင့်ဦး (ILBC KGC3)၏ (၆)နှစ်ပြည့် မွေးနေ့ ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်ပြီး တတ်သိ လိမ္မာသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သားသားကိုချစ်တဲ့
ပါးပါး ဦးမင်းမော် (ပီတိ ရွှေအပေါင်ဆိုင်)
မားမား ဒေါ်ခင်ညိုဦး(ခ)မခိုင် (ရွှေစည်းစိမ် ရတနာရွှေဆိုင်)
မအူပင်မြို့။

GRACE TRAINING AND SERVICE CENTRE

20.9.2004 2:00 4:00

☎ 707956

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

Budget Training Program

◆ English Foundation Course - (၅၀၀၀ိ/-)

(Social & Business English) (Student's book, work book)

◆ Basic Accounting Course - (၅၀၀၀ိ/-)

(Basic Accounting)

The VOICE Weekly

CD Burn Free Software

G.Link Computer

Hardware Course
Graphic Design Course
Special Effects Course

Office XP, DTP, Access, ACCPAC, AutoCAD, C++, Visual Basic, JAVA

● ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် Graphic Design များကိုပြုလုပ်နိုင်ရန် စာတွေ့နှင့်လက်တွေ့ အပြင် လုပ်ငန်းခွင် အတွေ့အကြုံများပါ ပေါင်းစပ်ပြီး အခြေခံမှ စ၍ တစ်ဦးချင်း စနစ်တကျ သင်ကြားပေးပါသည်။
● သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား။

Ph : 240 622, 243 982 Fax : 240 622

ASIA TECH COMPUTER CENTRE

ASIA TECH ASIA TECH COMPUTER CENTRE

Windows (Office XP)
Advanced Windows Course (DTP Course)
Engineering Drawing Course
Computerized Accounting Accpac Plus 6.1A
Web Page Design
Web Sites
Microsoft Access XP (DATABASE)
Database Software
Hardware & System Administration

Call Now!
Ph : 224864, 706696

မြန်ကောင်း

MCC
Budget Training
ကွန်ပျူတာအခြေခံသင်တန်း

ICT professional

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Electrical Engineer-A.G.T.I(Electrical Power) **ကျား(၂)ဦး**
(၂) Mechanical Engineer-A.G.T.I(Mechanical) **ကျား(၁)ဦး**

- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီး M&E လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ဓာတ်ပုံ(၂)ပုံနှင့်အတူ ကိုယ်ရေးအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြ၍ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်းပေးပို့နိုင်ပါသည်။

FUTURE GIFT INT'L LTD.

အမှတ်(၈-A)၊ ပါရမီလမ်း၊ အနောက်အေဒီ၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

အမည်ပြောင်းကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အမှတ်(၈၇)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးသောင်းထွန်း [၁၀/သဃရ(နိုင်)၀၅၃၅၁၁]ဆိုသူထံမှ စက်တပ်ငါးဖမ်းရေယာဉ် အမည် ဝေလ (၇)၊ ရေယာဉ်ဂရန် အမှတ်(၃၃၇၀)၊ ငါးဖမ်းလိုင်စင်အမှတ် ရက်စွဲ (၀၇၅/၂၀၀၃-၂၀၀၄)ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတိုးနန္ဒ [၇/ ရတန(နိုင်)၀၀၁၃၃၉]က ၃၀-၁-၂၀၀၄နေ့စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပါသည်။ ဝေလ(၇)စက်တပ်ငါးဖမ်း ရေယာဉ်၏ ရေယာဉ်ဂရန်မူရင်း၊ ကမ်းဝေးငါးဖမ်းလိုင်စင်မူရင်းနှင့် L.S.A တို့မှာလည်း ဦးတိုးနန္ဒ၏ လက်ဝယ်ရှိပါသည်။ ဝေလ(၇)စက်တပ်ငါးဖမ်း ရေယာဉ်၏ ပိုင်ရှင်အမည်ကို ဦးသောင်းထွန်း၏ အမည်မှ ဦးတိုးနန္ဒ၏အမည်သို့ ပြောင်းလဲသတ်မှတ်ရန် သက်ဆိုင်ရာဌာနသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံလာရောက်၍ ခိုင်လုံသော အထောက် အထားနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက ရေယာဉ်အမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဌေးအောင် B.Sc.,R.L **ဦးထွန်းအောင် LL.B**
တရားရုံးချုပ်ရှေ့နေများ
ဦးထွန်းထွန်း B.Sc.,R.L **ဦးရွှေမောင်သန်း H.G.P**
အထက်တန်းရှေ့နေများ
အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

JOB VACANCY

(local service only)

Interested Applicants, please submit C.V with Labour registration card, recent photo within 7 days from this announcement to Y.I.E.C (Yangon International Educare Centre), No.(W-22), Myakanthar Road, Myakanthar Housing, Hlaing T/S, Yangon.

1. Administrative Officer — 2 Post
   - Male, Any graduate
   - 3 years experience as a Administrative Officer
2. Assistant Computer Teacher — 1 Post
   - Female,
   - M.Sc (Computer) (or) other Computer College Graduate
   - Minimun 2 years of experience in computer teaching
3. Assistant ESL Teacher — 1 Post
   - Female,
   - B.A (English), Masters preferable
4. Chinese Mandarin Teacher — 1 Post
   - Male (or) Female,
   - Any Graduate

All the above jobs must have good experience in English teaching and fluent in speaking.

" ဝန်ထမ်းအလိုရှိသည် "

၁။ အင်ဂျင်နီယာ ကျား (၂) ဦး
- B.E (Civil) (or) A.G.T.I (Civil)

၂။ အင်ဂျင်နီယာ မ (၂) ဦး
- B.E (Civil) (or) A.G.T.I (Civil)
Estimate ကို Computer (Excel) ဖြင့်

၃။ လျှပ်စစ်ကျွမ်းကျင် ကျား (၂) ဦး

၄။ ရေသန့်ကျွမ်းကျင် ကျား (၂) ဦး

၅။ ထက်သမား ကျား (၂) ဦး

၆။ ပန်းရန် ကျား (၂) ဦး

ရောင်းရန်

၁။ မြစ်တွင်းလူစီးနှစ်ထပ်ရေယာဉ်။
အလျား ၂၀၀ပေ x အနံ ၃၂ပေ x စောက် ၇ပေခွဲ၊ သံခွံ(စက်မဲ့)
၂။ မြစ်တွင်းကုန်တင်ရေယာဉ်
အလျား ၁၀၅ပေ x အနံ ၂၀ပေ x စောက် ၇ပေ၊ အင်ဂျင်နှစ်လုံး၊ ပြုပြင်ပြီးအသင့်သုံး။

ကြော်ငြာပါသည့်နေ့မှစ၍ တစ်လအတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်-၁၆၃၀/ဘီ၊ ရွှေခင်းသာဆိပ်ကမ်း၊ ရွှေခင်းသာမြို့ပတ်လမ်း၊ သာကေတမြို့နယ်။ ဖုန်းနံပါတ်-၀၁-၇၀၆၃၁၁၊ ၀၁-၇၀၇၂၈၈(ရုံးချိန်အတွင်း)။

သတင်းကောင်း

Success Copier Group Ltd.

No. 271, ... # 01-02, Asia Plaza.
Ph : 254424/30 (Ext : 310), 098021578

Ruby Car Rental
☎ 725317, 660823
Saloon ပြိုင်, Van, Hiace, Publica ...

☎ 373275, 708342

FOREVER GROUP

Apple 17" Monitor eMac & iMac ...

Professional Digital Graphics Design
Photoshop CS, Illustrator CS
InDesign CS
Scanner Handling, Plug-ins
Mon-Fri 9-12 27.9.2004
Sat-Sun 9-3 2.10.2004

Stunning Visual Effects for Digital Video
Premiere 6.5, After Effects 6.5
Infini-D 4.5, Poser 5.0
Elastic Reality 2.0
Cinema 4D XL 6.5
Mon-Fri 12-3 20.9.2004
Mon-Fri 3-6 20.9.2004

WebArtist
GoLive CS, Photoshop CS
ImageReady CS, Premiere 6.5
Flash 5.0, Painter 7.0
Sat-Sun 3-7 18.9.2004

No.173/175, Pansodan Street, Kyauktada Township, Yangon.
Tel: 01 - 295254, 701180

KMD Computer Centre

I-Office
Pratical A+
Accpac Plus
Graphic Design
Desktop Publishing (DTP)

KMD

International Center for Business Academy
(managed by Spring Technologies & Systems Co.,Ltd.)

A+ / Hardware Fundamental Course

A+ . A	Tue , Wed , Thur	5:00 - 7:00pm	23.9.2004	8 Weeks
A+ . B	Sat , Sun	9:00 - 11:00am	2.10.2004	12 Weeks
HFC-A	Tue , Wed , Thur	9:00 - 11:00am	23.9.2004	5 Weeks
HFC-B	Sat , Sun	12:00 - 2:00pm	2.10.2004	8 Weeks

303/309, Maha Bandoola Rd., Corner of 42 St. Botahtaung, Yangon.
Tel: 245821, 098024836 email : icba@springnet.com.mm

NPE

SK.INTERNATIONAL LIGHTING ELECTRONIC BALLAST

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

SEINT PANN Co.,Ltd ... SK.INTERNATIONAL LIGHTING ELECTRONIC BALLAST ...
(၁) 40-W ...
(၂) 20-W ...
... Famous Light Co.,Ltd ...

... SEINT PANN Co.,Ltd ... SK. INTERNATIONAL LIGHTING ELECTRONIC BALLAST ...

SEINT PANN Co.,Ltd Managing Director ...

... LL.B ... B.Sc., R.L

SUPER CAR RENTAL
☎ 248301, 0980 21801

အမည်ပြောင်းခြင်း

ဦးမောင်ထွန်း၏သမီး အထက (၁) မင်္ဂလာဒုံ ဒသမတန်း(A)မှ မယုယုဆွေအား မယုယုသော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မယုယုသော်။

ဒေါ်ခင်တင့်
အသက်(၆၃)နှစ်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၄၇)၊ မြေညီထပ် ဝဲဘက်နေ (ဦးချိခိုင်-ဒေါ်စိန်တင့်)တို့၏သမီး၊ ဦးစောအောင်၏ဇနီး၊ ဦးအင်းကက်-ဒေါ်ခင်အင်းတို့၏ညီမ၊ ဒေါက်တာသန်းလွင်-ဒေါ်ပြုံးပြုံးတို့၏ အစ်မ၊ မချိုချိုပြုံး၊ ကိုမြင့်သူ-မချိုချို အောင်၊ ကိုထွန်း၊ မပွင့်မာကျော်၊ မောင်သူရတို့၏မိခင်သည်၁၁-၉-၂၀၀၄ ရက် (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၉-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တိတ်စိန်ရွှေဆိုင်

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဒေါ်နာ၊ အကျိတ်ဖြစ်သူများ

ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုး သယ်ဆောင်သောခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါ ကင်းစင်သောဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သောဒေသများသို့ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါ လက္ခဏာများမှာ-

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မှိန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ စောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက် စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်းအပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင် သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသော အချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ ခြေ၊ မျက်နှာတို့တွင် ခြင်မကိုက်သည့်ဆေးလိမ်းပါ။

(ခ) ခြင်ကိုနှိမ်နင်းခြင်း

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစားငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒေါ်မေတင်(၇၉)နှစ်
(မုဒုံ/တံခွန်တိုင်)

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးဝင်း-ဒေါ်အေးမြ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၁၉)နေ (ဦးခင်ယုံ)၏ ဇနီး၊ ကိုကျော်ကျော်သန်း-မစုတင်ဇာအောင်၊ ကိုရဲထွဋ်(Hotel Nikko)-မသင်းခိုင်ဇာအောင်(Honey)(Sedona Hotel)၊ မဝတ်ရည်သန္တာထွန်း၊ မောင်ပြည့်ဖြိုး (သံချောင်း)၊ မောင်စွမ်းပြည့် (Grade - X၊ အထက-၄၊ တောင်ကြီး)၊ မယမင်းသူဇာထွန်း (Grade-IX၊အထက-၂၊ လသာ)၊ မောင်အားမာန်(Primary III,ILBC)၊ မဝတ်မှုံသင်းကြည်(Grade-1' FISC) မစုနှင်းလွင်(မူကြို-၅)တို့၏ အဘွား၊ မောင်သာထက်ကျော်၊ မဖူးမှုံသင်းတို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၀၄ (စနေနေ့)နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်တင်တင်ချို
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် (၆၉)နေ (ဦးထွန်းအေး-ဒေါ်မြကြည်)တို့၏ သမီးကြီး၊ ဦးဇော်ဝင်း(ပန်းချီ)-ဒေါ်သန်းသန်းဆိုင်၊ဦးခင်မောင်ချိုတို့၏ ညီမ၊ ဦးတိုးဝင်း(Shipping Manager) (Slipner Shipping Pte Ltd)၏ဇနီး၊ ကိုဖြိုးဝေဝင်း၏ ချစ်လှစွာသောမိခင်၊ ဒေါ်တင်တင်ညို(ကြည့်မြင်တိုင်ညဈေး)၊ ဦးကိုကိုနိုင်(3/E Uniteam)-ဒေါ်ခင်လေးမြင့်၊ ဦးဝင်းစိန် - ဒေါ်မိမိမော်တို့၏ ချစ်လှစွာသောအစ်မ၊ တူ၊ တူမကိုးယောက်တို့၏ အဒေါ်သည် ၁၀-၉-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ၁၆-၉-၂၀၀၄(ကြာသပတေးနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေး ကုသိုလ်ပြုမည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
ဦးတင်လှ(ခ)ဆရာဦးစွမ်း
အသက်(၇၂)နှစ်
(မြို့မကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၉၁/၉၉)နေ ဦးရွှေပြည်-ဒေါ်စိန်ညွန့်တို့၏ သားထွေးသည် ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၄-၉-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးခူကေချောင်း(ခ)ဦးပါ
အသက်(၈၄)နှစ်

ဒေါ်မြမြဝင်းနှင့် ညီမ ဒေါ်နီလာဝင်းတို့၏ ဖခင်ကြီးသည် ၉-၉-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုဇေယျာ-မကြူကြူခိုင်၊ ကိုသန်းစိုး၊ ကိုဝင်းသန်း-မအေးအေးမြ(ခေတ္တ-တိုကျို)။

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၅ လမ်း၊ အမှတ် ၂၃၉ နေ ဒေါ်ဆန်းရွှေ၏ ခင်ပွန်း ဦးမောင်သောင်း(၇၉)နှစ်သည် ၉-၉-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲ ရပါကြောင်း။

ဦးအောင်မင်း-ဒေါ်အမာကြူ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဒေါက်တာမြင့်သိန်း (ပါမောက္ခ- ဌာနမှူး၊ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၏ ဇနီးဒေါက်တာဒေါ်မြရွှေသည် ၃-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

ဦးတင်ကိုကို-ဒေါ်အေးအေးမူမိသားစု
တော်ဝင်မြင့်မိုရ်ကုမ္ပဏီလီမိတက်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုနိုင်(3/E-UNITEAM)-ဒေါ်ခင်လေးမြင့်တို့၏အစ်မ ဒေါ်တင်တင်ချို(၄၈)နှစ်သည် ၁၀-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ငွေ-ဒေါ်ထွေးထွေးဝင်း၊
ဒေါ်တင်တင်မိုး၊ဒေါ်မိုးမမကျော်။

ဝမ်းနည်းကြေကွဲခြင်း

သားအရင်း ညီအရင်းပမာ ချစ်ခင်ရပါသော မိတ်ဆွေသူငယ်ချင်းများအပေါ် စိတ်ရင်းစေတနာဖြူစင်စွာဖြင့် ကူညီရိုင်းပင်းခဲ့သော မောင်အောင်ကျော်စိုး အသက်(၃၀)သည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုသန်းဆွေ၊ ဦးအောင်သန်း-ဒေါ်ခင်အုံးမြင့်၊ဦးထွန်းရင်-ဒေါ်ခင်ဆွေသန်း မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းအာကာစိုး၏ မိခင် ဒေါ်ခင်မမ ၇-၉-၂၀၀၄ရက်တွင် မန္တလေးမြို့၌ကွယ်လွန် သွားကြောင်း သိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

CM သူငယ်ချင်းများ
(UCSY,CT II BATCH)။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန် ဒါယကာကြီး
ဦးဝီလျောင်(ခ) ဦးတင်စိန်
အသက်(၉၂)နှစ်
(ဘိုကလေး)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊အမှတ်(၇၉၉)၊ ဒုတိယထပ်နေ (ဒေါ်မြရင်)၏ခင်ပွန်း၊ ဦးစောအောင်-ဒေါ်အေးအေးရီ (ခြသေ့်မင်း လက်ဖက်ခြောက်၊ ပလတ်စတစ်ဆိုင်)၊ ဦးထွန်းဝင်း-ဒေါ်မွေး၊ ဦးဝင်းနိုင်-ဒေါ်ပင်းပင်း၊ ဒေါ်မိမိလွင်၊ ဒေါ်လွင်လွင်သန့် (L-7၊တိုင်စိန်မုန့်ဆိုင်)၊ ဦးလှမြင့်-ဒေါ်နီနီနိုင်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၁-၉-၂၀၀၄ရက်တွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်ပါ၍ ၁၃-၉-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ(၈၆)နှစ်

(ဦးဘငွေ-ဒေါ်မကြီး)တို့၏ သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ် (၂၈)မြေညီထပ်နေ (ဦးခင်မြင့်)၏ ဇနီး၊ ဦးအောင်မင်း (မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ဒေါ်ခင်မာလာတို့၏ မိခင်၊ မောင်ဖြိုးဝေမင်း-မဖြူဖြူအေး၊ မောင်အိုးဝေမင်း (တတိယနှစ်-စီးပွားရေးတက္ကသိုလ်-ရွာသာကြီး)၊ မောင်ခင်စိုး-မလှယဉ်ချောတို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ရင်မေသည် ၁၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၉-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီ ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်သောင်းတင်
အသက်(၆၉)နှစ်
လဝက(ငြိမ်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)နေ (ဒေါ်စိန်)၏ မြေး၊ [ဦးဘိုးတန်(ခ) ဦးဘညွန့်-ဒေါ်သန်း]တို့၏ မြေး၊ ဦးအုန်းမြင့်၊ ဦးသိန်းဟန်တို့၏ ညီမ၊ (ဦးသိန်းအောင်)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်ဦး (MEPEရန်ကုန်တိုင်း)၊ ဒေါ်တင်တင်ဦး[ဆလက စီမံကိန်း အထူး(၃)စတို]၊ ဦးမောင်မောင်မြင့်(တက်နေမင်း Conctruction And Engineering Group)-ဒေါ်ဦးယဉ် (အလက-၄၊ရန်ကင်း)၊ မောင်ဇေယျာမင်းတို့၏ ချစ်လှစွာသောမိခင်၊ မဝင်းရွှေရည်ထက် (အထက-၄၊ တာမွေ)၊ မအိဖူးပိုင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၂-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးအောင်မျိုးမြတ်(၄၃)နှစ်
အင်ဂျင်နီယာ(ယာ/အုံနှင့် ဈေးများဌာန)
(မြို့တော်စည်ပင်)

ရန်ကုန်မြို့၊ ရွှေပေါက်ကံနေ (ဦးအောင်ကြည်)-ဒေါ်သောင်းရင်တို့၏ သား၊ တိုက်(၂၆/၉)၊ ဦးဝိစာရရိပ်သာနေ ဦးသောင်းဝင်းဦး - ဒေါ်စောမမတို့၏ သားသမက်၊ ဒေါ်စန္ဒာနွယ်ဦး(အင်ဂျင်နီယာ)၏ခင်ပွန်း၊ မယဉ်မိသန့်(ခ) မချစ်ပျိုးဦး(VIII အထက-၁၊ ဒဂုံ)နှင့် မောင်ဟန်မြတ်မင်း(ခ)ဖိုးဖြူလုံး(2nd Class B, GATE)တို့၏ဖခင်သည် ၁၁-၉-၂၀၀၄ (စနေနေ့) နံနက် ၇:၁၅နာရီ တွင် ကွယ်လွန်သွားပါ၍ ၁၃-၉-၂၀၀၄ (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါ မည်။
ကျန်ရစ်သူမိသားစု။

ဦးဖေဝင်း (၆၂)နှစ်
ကျောင်းအုပ်ကြီး (ငြိမ်း)
အထက(၁)၊ ဗိုလ်တထောင်

သထုံမြို့နေ (ဦးသာညွှင်း-ဒေါ်မြခင်)တို့၏သား၊ ၂၄၅/၂-၃၅ လမ်း၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်အေးရှမ်း)တို့၏ သားသမက်၊ တိုက်(၉)၊ အခန်း(၂၀၃)၊ (၉)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်တင်တင်လှ (အထက-၂၊ တောင်ဒဂုံ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းဖေဝင်း(စက်မှု-၁၊စားကုန်) ဒေါ်ဝင်းဝင်းဖြူ(အထက-၂၊သာကေတ)၊ ဒေါ်သဲနုအေး (မြဝတီ ရပ်/သံ)တို့၏ ချစ်လှစွာသော ဖခင်၊ မချောပြည့်ပြည့်ဝင်း၏ အဘိုးသည် ၁၁-၉-၂၀၀၄ရက် ည ၁၁:၄၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

မောင်ဝဏ္ဏလှကျော်(ကိုစု)
အသက်(၃၅)နှစ်
(2nd Year, Bot)

ရန်ကုန်မြို့၊ ခြံအမှတ်(၃၉၁-၃၉၂)၊ ပုသိမ်ညွန့်(၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မြို့နယ်ပညာရေးမှူးဟောင်း၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော်-ဒေါ်တင်ညွန့်(မြသီတာစာပေတိုက်)တို့၏ သား၊ ဦးကျော်စံမြင့်(လ/ထ၊ တိုင်းပညာရေးမှူး (ငြိမ်း)-(ဒေါ်ခင်လှ)တို့၏ သားသမက်၊ မမြသီတာကျော်(ခေတ္တ-ဂျပန်)၊ ကိုထူးထူးလှိုင်-ဒေါက်တာ ခင်ဥမ္မာကျော်(အရှေ့ပိုင်းဆေးရုံ-ရန်ကုန်မြို့)၊ ကိုသူရလှကျော်(ခေတ္တ-ဂျပန်)တို့၏ ညီ/မောင်၊ မလှမြင့်သူ(မသူ) မင်္ဂလာမွန်ဈေး၏ ခင်ပွန်း၊ ယွန်းမြတ်မိုးသူ၏ ဖခင်၊ မောင်ဇေယျာဘိုဘိုထူး (စတုတ္ထတန်း-B၊အလက-၁၊ဒဂုံ)၏ ဦးလေးသည် ၁၁-၉-၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်ပါ၍ ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

မောင်ဝဏ္ဏလှကျော်
အသက်(၃၅)နှစ်
(2nd year, Bot)

ရန်ကုန်မြို့၊၁၅၃လမ်း၊ တိုက်(၄၁)တ-လွှာ၊ကျောက်မြောင်း၊ တာမွေမြို့နယ်နေ မြို့နယ် ပညာရေးမှူးဟောင်း၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးလှကျော်-ဒေါ်တင်ညွန့် (မြသီတာစာပေတိုက်)တို့၏ သား၊ ဦးကျော်စံမြင့် (လ/ထ တိုင်းပညာရေးမှူး၊ ငြိမ်း) - (ဒေါ်ခင်လှ၊ မင်္ဂလာမွန်ဈေး)တို့၏ သားသမက်၊ ဦးသန်းဌေးအောင်(နှင်းနှင်းခိုင်ကုမ္ပဏီ)၊ ဦးကံကြီး-ဒေါ်ခင်သင်းကြူ(ဗိုလ်ချုပ်ဈေးသစ်)၊ ဦးအောင်ဆန်းမြင့်-ဒေါ်သန်းသန်းဌေး(ကျောင်းအုပ်၊ အမက-၂၂၊ တာမွေ)၊ ဦးမောင်မောင်သာခု-ဒေါ်ခင်သင်းမာတို့၏ မောင်၊ ဒေါ်လှမြင့်သူ(မင်္ဂလာမွန်ဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းမြတ်မိုးသူ၏ ဖခင်သည် ၁၁-၉-၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ကိုအောင်ကျော်စိုး
အသက်(၃၀)
(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၂၆)နေ (ဦးသော်)-ဒေါ်ငွေသန်းတို့၏ မြေး၊ ဦးစိုးဝင်း-ဒေါ်ဆွေဆွေဝင်းတို့၏တူ၊ ဦးသန်းရွှေ-ဒေါ်အေးမြင့်(အောင်အထည်ဆိုင် Dရုံ သိမ်ကြီးဈေး)တို့၏သား၊ ဦးအောင်မောင်း-ဒေါ်မြင့်မြင့်စန်းတို့၏ သားသမက်၊ ကိုကျော်မြသိန်း-မသင်းသင်းရွှေတို့၏ အစ်ကို၊ မသက်သက်လွင်၏ ခင်ပွန်း၊ မောင်ဇေယျာမျိုး[GRADE III-B၊အထက-၂၊ကမာရွတ်] ၏ဖခင်၊ မမြတ်မွန်သင်း၏ဘကြီး ကိုအောင်ကျော်စိုးသည် ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) ည၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်မေတင်
အသက်(၇၉)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးဝင်း-ဒေါ်အေးမြ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၁၉)နေ (ဦးခင်ယုံ)၏ ဇနီး၊ ဒေါက်တာသန်းထွန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်ဌေးရီ (မြန်မာ့အာမခံ)၊ ဦးကြည်လှိုင် (ရန်ကုန်-မော်လမြိုင်ကုန်စည်ပို့ဆောင်ရေး)-ဒေါ်ခင်မေသစ်၊ (ဒေါ်ခင်မေယု)၊ ဦးကျော်ဇေယျ-ဒေါ်လှရီ(Micasa Hotel)၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း-ဒေါ်နွေဦးအောင်တို့၏မိခင်၊မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၁-၉-၂၀၀၄(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၉-၂၀၀၄(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးမြခိုင် (၅၇)နှစ်
LL.B (တရားရုံးချုပ်ရှေ့နေ)
(နိဗ္ဗာန်ရွာ/ကဝမြို့နယ်)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဦးထွန်းလှိုင်-ဒေါ်အုံးမေ)တို့၏သား၊ အမှတ်(၅၉)၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးအိန္ဒ-ဒေါ်ခွေးမ)တို့၏ သားသမက်၊ (ဦးမြသန်း-ဒေါ်သန်းရီ)၊ (ဦးသန်းဝင်း)-ဒေါ်ကြည်အောင်၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ကြည်တို့၏ ညီ/မောင်၊ (ဦးစိန်လှိုင်)-ဒေါ်မြညွန့်၊ ဦးထွန်းမြင့်-ဒေါ်အိမွှေး၊ဦးအိကျူ-ဒေါ်အိးလန်း၊ ဦးမြင့်သိန်း-ဒေါ်အိးစန်း၊ ဦးအုန်းကြိုင်-ဒေါ်ကျင်သန်းတို့၏ ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်မြမြ၊ ဦးသန်းနွဲ့-ဒေါ်စန်းစန်းဝင်းတို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ အမှတ်(၁၁၈)၊ အောင်ဇေယျလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဒေါ်မွှေးမွှေး B.Sc.မြန်နန္ဒာအပ်ချုပ်ဆိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ မသီတာလင်း (တတိယနှစ်ဥပဒေ UDE)၊ မမြသူဇာ(စတုတ္ထနှစ်ဥပဒေ UDE)၊ (မမေသန်းခိုင်)၊ မခင်စန်းတင့်တို့၏ မွေးသဖခင် ဦးမြခိုင်သည် ၁၁-၉-၂၀၀၄ရက် ညနေ ၆:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၉-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးညီ(၈၆)နှစ်
လက်ထောက်ကထိက(ငြိမ်း)
ရန်ကင်းဆရာအတတ်သင်သိပ္ပံ

ပျဉ်းမနားမြို့နေ (ဦးပု-ဒေါ်မမကြီး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်(၂)လမ်း၊ အမှတ်(၃၅၃)နေ ဒေါ်မြမြ၏ ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါက်တာဦးခင်လှအောင်-ဒေါ်ခင်နွယ်ဦးတို့၏ ချစ်လှစွာသောဖခင်၊ အောင်ရှင်းသန့်၊ မောင်နေထူးအောင်တို့၏ အဘိုးသည် ၁၂-၉-၂၀၀၄ရက် နံနက်၁၁နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍၁၄-၉-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည်(၇၁)နှစ်
B.A.,B.Ed.
အလယ်တန်းကျောင်းအုပ် (ငြိမ်း)
ကြာအင်းဆိပ်ကြီး

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နေ (ဦးထွန်းရွှေ-ဒေါ်လွန်းရင်)တို့၏ သား၊ ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ အရှေ့ဘက်ကမ်းနေ (ဦးထွန်းရိန်-ဒေါ်အေးမြ)တို့၏ သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအမှတ်(၅၄၂)၊ ၁၉လမ်းနေ ဒေါ်တင်မြ၏ ခင်ပွန်း၊ မသက်သက်ထွန်း၊ ဗိုလ်မှူးကျော်ကျော်ထွန်း-ဒေါ်အေးအေးမော်၊ မောင်ဇော်ဇော်ထွန်း၊ မောင်နေလင်းထွန်းတို့၏ ဖခင်၊ မောင်သူရိန်ထွန်း၏ အဘိုးသည် ၉-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်းဒါယကာ
ဦးကိုကိုကြီး(၆၈)နှစ်
(ကန်ကြီးဒေါင့်)

ဧရာဝတီတိုင်း၊ ကန်ကြီးဒေါင့်မြို့နေ (ဦးကုလားလေး-ဒေါ်တင်ရွှေ)တို့၏သားကြီး၊ ဦးဟန်ညွန့် (Tiger Black Head Group)-(ဒေါ်သန်းရင်)၊ ဦးကြီးမြင့် (Tiger Black Head Group)-ဒေါ်ရီရီ၊ ဦးတက်ထွန်း-ဒေါ်ခင်ထွေးတို့၏ အစ်ကိုကြီး၊ ကိုခင်မောင်သန်း-မကြီး(မြနန်းစားသောက်ဆိုင်)၊ ကိုကျော်နိုင်-မငယ် (အမက-၈၊ ဒဂုံတောင်)၊ ကိုကျော်နိုင်-မမြင့်မြင့်ဌေး(တိုးတက်နိုင်ဆန်/ဆီ၊ ၂၀ ဈေး)၊ ကိုခင်မောင်ဦးတို့၏ ဖခင်၊ (ဒေါ်သိန်းကြည်)၏ ခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၉-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(၄၉-က၊ မြနန္ဒာလမ်း၊ ၂၀-ရပ်ကွက်၊ တောင်ဒဂုံနေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်မြခက်(၈၇)နှစ်
(သပြေကုန်း၊ ကနောင်)

ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ သပြေကုန်းနေ(ပွဲစားကြီးဦးငယ်-ဒေါ်စော)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၀၃၄)၊ သမာဓိလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်ညွန့်၊လွှတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်)၏ဇနီး၊ ဦးမျိုးညွန့်ဆွေ(Licensed Tour Guide)၊ ဒေါ်ရီရီညွန့် (အထက်တန်းရှေ့နေ)တို့၏ မိခင်၊ မောင်သန့်ဇင်ဆွေ၏အဘွား၊ ဒေါ်လှမြင့်၊ ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီ(သစ်ဆန်းဦးဖိနပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ရဲမှူးသန်းမြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝင်းတို့၏ အဒေါ်သည်၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။
(နေအိမ်မှကားများ နံနက်၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်(ကြီးကြီးမြင့်)
အသက်(၆၉)နှစ်
(ပျဉ်းကတိုးကုန်း)

ပဲခူးတိုင်း၊သာယာဝတီခရိုင်၊လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာနေ (ဦးဆောင်း-ဒေါ်ရွှေဆောင်)တို့၏ မြေး၊ (ဦးမောင်မောင်-ဒေါ်ညွန့်)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၁၆)နေ ဦးအောင်မြင့် (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မစန်းစန်းရီ-ကိုစိန်ဝင်း၊ မသန်းသန်းအေး-ကိုအောင်ဌေး၊ ကိုမျိုးမင်း-မနွယ်နွယ်ဝင်း၊ ကိုမျိုးအောင် (ခ) ဘိုဘို-မဇာဇာမိုး(ခ)မိငယ်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးမျိုးသန်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲလမ်း၊ အမှတ်(၃၀)နေ ဆရာဦးသန်းမောင်-ဆရာမဒေါ်ထွန်းမေတို့၏သား၊ ဒေါ်ရင်မြ၊ ဒေါ်မြတင်တို့၏ တူ၊ မဝါဝါအောင်၏ ခင်ပွန်း၊ မောင်သန့်သူရလင်း၊ မောင်ဉာဏ်လင်းဝေထက်တို့၏ဖခင် ဦးမျိုးသန်းသည် ၁၁-၉-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၉-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ ကြေးနန်းလိပ်စာ ကြေးမုံ၊ စာတည်းမှူး၂၉၁၈၃၂၊ စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၃၃၃၉၊ စီမံ/ငွေစာရင်း၂၉၁၁၀၅၊ ဖြန့်ချိရေး ၂၉၁၀၃၀၊ ကြော်ငြာ၂၉၅၉၉၇၊ ပုံနှိပ်၂၉၁၀၃၀၊ R/184

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၂တိုက်နှင့် သီလရှင်စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ သာယာကုန်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆွမ်းပဒေသာပင်အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစုတို့၏ လှူဒါန်းငွေကျပ် တစ်သိန်းနှစ်သောင်းကို လက်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုယ်ပိုင်အမျိုးသားမှုဟန်များကို ပိုမိုအလေးထားဖန်တီး မြန်မာ့မှု မြန်မာ့ဟန်မပျက် အားကြိုးမာန်တက်ယှဉ်ပြိုင်

ရန်ကုန်တိုင်း အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်ကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ၎င်းတို့၏ ဇနီးများ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ မြန်မာ့ရိုးရာ အနုပညာကို ချစ်မြတ်နိုးသည့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့၏မြင့်မြတ်သော အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားရေး တွေးခေါ်မြော်မြင်မှု၊ အဆင့်အတန်းမြင့်မားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အနုပညာရပ်များ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရက

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ရန်ကုန်တိုင်း)

ကြေးမုံ The Mirror — ဆောင်းပါး အညွှန်း

လူမျိုးတိုင်းဟာ လွတ်လပ်မှုကို မြတ်နိုးကြပါတယ်။ လိုလားကြပါတယ်။ လွတ်လပ်ခြင်းဆိုတာ နိုင်ငံရေးအရလွတ်လပ်ခြင်း၊ စီးပွားရေးအရလွတ်လပ်ခြင်း၊ လူမှုရေးအရ လွတ်လပ်ခြင်းတို့ ဖြစ်ပါတယ်။ လွတ်လပ်ခြင်းအားလုံးရဲ့ အနှစ်ချုပ်ကတော့ လွတ်လပ်တဲ့ နိုင်ငံတိုင်းတွင်ရှိအပ်တဲ့ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာသုံးရပ်စလုံး လွတ်လပ်မှုပင်ဖြစ်ပါတယ်။ ဒီအချုပ်အခြာအာဏာဟာ နိုင်ငံသားများနဲ့သာ သက်ဆိုင်ပါတယ်။ ဘယ်ပြည်ပနိုင်ငံ၊ ဘယ်နိုင်ငံခြားသားနဲ့မှ မသက်ဆိုင်ပါဘူး။

အောင်မိုးစံ၏ **"တရားသေဝါဒတွေ စွန့်လွှတ်ပြီး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး"** ဆောင်းပါး-(စာမျက်နှာ-၆)